# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ စနေနေ့။ Saturday, 8 November 2025 ၁၁၉၉၅


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## လေတပ်အပါအဝင် လေကြောင်းစွမ်းအား ထုတ်လုပ်ဖြန့်ကြက်ပေးနိုင်သည့် တပ်ဖွဲ့အမျိုးမျိုးကို အင်အားတိုးတက်ရုံသာမက ခေတ်မီအဆင့်မြင့်စေရန်အတွက်ပါ တတ်စွမ်းသမျှ ကြိုးပမ်းလုပ်ဆောင်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင် လေယာဉ်တစ်စင်းပေါ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၇**

တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် လေတပ်စခန်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**


ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၈) နှင့် A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကျင်းပ

စာမျက်နှာ » ၇

(၁၇)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် စီးပွားရေးဝန်ကြီးများ အစည်းအဝေး မြန်မာနိုင်ငံ၌ အောင်မြင်စွာ ကျင်းပ

စာမျက်နှာ » ၁၁

ပုဂ္ဂလိကနှင့် ငှားရမ်း/ဖက်စပ်/အကျိုးတူဆောင်ရွက်နေသည့် စက်ရုံများ ထုတ်လုပ်မှုတိုးတက်စေရေး ဆက်လက်ဆောင်ရွက်သင့်သည့် မူဝါဒချမှတ်ရန်နှင့် အစီအစဉ်များရေးဆွဲရေး အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

စာမျက်နှာ » ၁၂

ကြေးမုံ

# တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာမှုကိုဖော်ဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဘာသာစကားများကို ပိုင်ဆိုင်ကာ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးတို့သည် နိုင်ငံ၏နေရာဒေသ အသီးသီးတွင် အတူယှဉ်တွဲစုပေါင်းနေထိုင်၍ စည်းလုံးညီညွတ်စွာဖြင့် အေးချမ်းစွာ နေထိုင်လာခဲ့ကြသည်ကို သမိုင်းအထောက်အထားများဖြင့် ခိုင်မာစွာသက်သေပြနိုင်ခဲ့သည်။

၁၈၂၄ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ ရခိုင်၊ တနင်္သာရီဒေသများ ကျရောက်ခဲ့သည့်အချိန်တွင်လည်းကောင်း၊ ၁၈၅၂ ခုနှစ်တွင် အောက်မြန်မာပြည် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့သည့်အချိန်တွင်လည်းကောင်း၊ ၁၈၈၅ ခုနှစ်တွင် မြန်မာ တစ်နိုင်ငံလုံး တိုင်းတစ်ပါးလက်အောက်သို့ ကျရောက်ခဲ့ပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ သည့် အချိန်တွင်လည်းကောင်း ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံးတို့သည် တစ်သွေးတစ်သားတည်း စုပေါင်းလက်တွဲ၍ သူ့ကျွန်မခံလိုသည့်စိတ်ဓာတ်ဖြင့် ကိုလိုနီနယ်ချဲ့တို့ကို တွန်းလှန်တိုက်ထုတ်ခဲ့ကြပြီး လွတ်လပ်ရေးကို အတူတကွပြန်လည်ရယူခဲ့ကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီက တစည်းတလုံးတည်း ညီညွတ်ခဲ့ကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့သည် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းစဉ်အချိန် ကာလနှင့် လွတ်လပ်ရေးရရှိပြီးကာလများတွင် ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့ သည့် အမွေဆိုးကြောင့် တိုင်းရင်းသားညီနောင်အချင်းချင်း အထင်အမြင်လွဲမှားကာ ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားပြီး တည်ငြိမ် အေးချမ်းမှုပျက်ပြားခဲ့သည်မှာ ယနေ့ထက်တိုင်အောင်ပင်ဖြစ်သည်။ ထို့နောက် နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက် မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နှင့် လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့သည်။

သို့သော်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို တပ်မတော်က တာဝန်ယူခဲ့ပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် အမှန်တရားကို မျက်ကွယ်ပြု၍ အကြမ်းဖက်တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ယခင်က အေးချမ်းစွာအတူတကွနေထိုင်လာခဲ့ကြသော တိုင်းရင်းသား နယ်မြေဒေသအချို့တွင် ယခုအခါ တည်ငြိမ်အေးချမ်းမှုကင်းမဲ့ပြီး တိုင်းရင်းသား ပြည်သူများ ဒုက္ခဆင်းရဲခံစားနေကြရသည်ကို စိတ်မကောင်းဖွယ်တွေ့ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအမှန်ကို အမှန်အတိုင်းရှုမြင်ပြီး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာရေးကို အခက်အခဲများ၊ စိန်ခေါ်မှု များ များစွာကြားမှ ရှန်းကန်ကြိုးစား ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်သူ များ၏ ဆန္ဒဖြစ်သည့် "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီ စနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး"ဟူသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံ ရေးကောင်စီ၏ ဦးတည်ချက်များနှင့်အညီ ရွေးကောက်ပွဲများ နိုင်ငံတစ်ဝန်း၌ အောင်မြင်စွာကျင်းပနိုင်ရေး တက်ညီလက်ညီ ဆောင်ရွက်နေပြီဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့ တွင် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မြို့နယ် ၁၀၂ မြို့နယ်၌ စတင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် မြို့နယ် ၁၀၀ ၌ ကျင်းပပြုလုပ်မည်ဖြစ်ကာ ဆက်လက်ပြုလုပ်မည့် အပိုင်းလိုက် နေ့ရက်များကိုလည်း ထပ်မံအသိပေးထုတ်ပြန်သွားမည်ဖြစ်ကြောင်း ကြေညာ ခဲ့ပြီးဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင် ရေး၊ နည်းလမ်းကျနမှန်ကန်မှုရှိသော ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး အတွက် ပွင့်လင်းမြင်သာစွာဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်ရေးတွင် ဒေသလုံခြုံမှု နှင့် တည်ငြိမ်အေးချမ်းမှုရှိရန် အထူးလိုအပ်သည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူများလိုလား တောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို စည်းကမ်းတကျ အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းအပ်ပါသည်။ သမိုင်း ကြောင်းအစဉ်အလာအတိုင်း စည်းလုံးညီညွတ်စွာ ရပ်တည်နေထိုင်ခဲ့သော ငြိမ်းချမ်း သာယာဝပြောသည့် ပြည်ထောင်စုကြီးအဖြစ် တည်တံ့ခိုင်မြဲစွာရပ်တည်နေထိုင် နိုင်ရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ဖော်ဆောင်ကြရမည် ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်။**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၁၄-၁၁-၂၀၂၅)

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ **ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။**
- ★ **အသိပညာအတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။**
- ★ **အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး။**
- ★ **အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။**

## ပခုက္ကူမြို့၌ (၃၇)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

ပခုက္ကူ နိုဝင်ဘာ ၇

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်း အနားနှင့် ပျော်ပွဲရွှင်ပွဲများကို ယနေ့နံနက် ပိုင်းက ကျင်းပသည်။

ဦးစွာ ပခုက္ကူခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေး မှူး ဦးမြင့်နိုင်က ဌာနနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြော ကြားပြီး ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးတို့နှင့်အတူ ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း များအား ချီးမြှင့်ငွေများပေးအပ်ကြသည်။

ဆက်လက်၍ ပျော်ပွဲရွှင်ပွဲအဖြစ် ထုပ်ဆီးတိုး၊ ဆန်ကောရွက်၊ လွန်ဆွဲနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲများကျင်းပပြီး ဆု ရရှိသူများအား ဂုဏ်ပြုဆုငွေများပေးအပ် ချီးမြှင့်ကာ ပခုက္ကူမြို့ ဇောခိမဏ္ဍိုင် ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော် များ၊ သာမဏေနှင့် သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ၇ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၇၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇ - ၁၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၆၀၀ | ၂၅၆ | ၂,၁၅၂,၅၀၀ |
| MTSH | ၃,၄၅၀ | ၃,၅၀၀ | ၁,၁၆၆ | ၄,၀၇၂,၇၀၀ |
| MCB | ၇,၉၀၀ | ၇,၇၀၀ | ၂၃၇ | ၁,၈၄၈,၃၀၀ |
| FPB | ၂,၂၅၀ | ၂,၂၅၀ | ၅၀၉၂ | ၁၁,၄၅၅,၉၅၀ |
| TMH | ၂,၉၀၀ | ၂,၈၅၀ | ၈၂ | ၂၃၆,၇၀၀ |
| EFR | ၁,၈၀၀ | ၁,၇၅၀ | ၅၈၂ | ၉၉၇,၁၅၀ |
| AMATA | ၃,၄၅၀ | ၃,၅၀၀ | ၇၃ | ၂၅၂,၀၀၀ |
| MAEX | ၃၁၅၀ | ၃,၁၅၀ | ၉၆၇ | ၃,၀၁၁,၉၅၀ |
| MADPL(PLB) | ၂,၇၅၀ | ၂,၇၅၀ | ၁ | ၂,၇၅၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဝင်းနိုင် | | **အကြီးတန်း သတင်းထောက်များ** - | စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး | | **အငယ်တန်း သတင်းထောက်များ** - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | | **သုတေသန** - | ဇင်မာဝင့် |
| | | **စာပြင်** - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - | နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** - | စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ **ရှေ့ဖုံးမှ**

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

**မြန်မာ့ဝေဟင်ပိုင်နက်**
**စိုးမိုးလုံခြုံရေး**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ၁၅ နှစ်တာကာလအတွင်း တပ်မတော်ပိုင်လေယာဉ်/ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားများကို ၁၅ ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး လေယာဉ်/ ရဟတ်ယာဉ်များ တပ်မတော်(လေ)သို့ အင်အားဖြည့်တင်း ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ရှိပြီးသားလေယာဉ်/ရဟတ်ယာဉ်များကိုလည်း စွမ်းရည် ပိုမိုတိုးတက်ကောင်းမွန်စေရန် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ လေယာဉ်/ ရဟတ်ယာဉ်များ အသစ် ထပ်မံဖြည့်တင်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာ ဖြစ်စေခဲ့သည့်အပြင် မြန်မာ့ဝေဟင် ပိုင်နက် စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့ကြောင်း။

တပ်မတော်(လေ) အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ပြည့်ဝအောင်မြင်စွာ ထမ်းဆောင်နိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေး လေယာဉ်/ ရဟတ်ယာဉ်များသည် အရေးပါသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ သဘာဝဘေးရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သယ်ယူပို့ဆောင်ရေး လေယာဉ်/ ရဟတ်ယာဉ်များသည် နည်းလမ်းအမျိုးမျိုးဖြင့် အထောက်အကူပြု စွမ်းဆောင် ပေးနိုင်သည်ကို ထင်ရှားစွာ တွေ့မြင်နေရကြောင်း။

ယနေ့ တပ်တော်ဝင်ပေးမည့် သယ်ယူပို့ဆောင်ရေး လေယာဉ်/ ရဟတ်ယာဉ်များသည် ယခုပြောခဲ့သည့် လုပ်ငန်းတာဝန်များကို ပိုမို ထိရောက်အောင်မြင်စွာ ထမ်းဆောင်စေနိုင်ရန် စွမ်းဆောင်ပေးနိုင်မည် ဖြစ်သည့်အတွက် တပ်မတော်အတွက် သာမက နိုင်ငံတော်နှင့် ပြည်သူလူထုအတွက်ပါ အကျိုးကျေးဇူးများစွာ ဆောင်ကြဉ်းပေးလာမည်ဖြစ်သည်ကို ပြောကြားလိုကြောင်း၊ ထိုသို့ အကျိုးကျေးဇူးများ ရရှိလာစေရန် တပ်မတော်(လေ)တွင် ရှိသည့် လေသူရဲနှင့် လေယာဉ်သားများ၊ စက်မှုလက်မှု ပညာရှင်များ၊ အုပ်ချုပ်ထောက်ပံ့မှု တာဝန်ရှိသူများကလည်း တပ်တော်ဝင် ဖြည့်ဆည်း ပေးထားသည့် လေယာဉ်/ ရဟတ်ယာဉ်များနှင့် အထောက်အကူပြု စနစ်များကို ကျွမ်းကျင်စနစ်ကျစွာ ပျံသန်းအသုံးပြုကြရန်၊ မိမိကျရာတာဝန်ကို ကျေကျေပွန်ပွန် အောင်အောင်မြင်မြင်ဖြင့် အစွမ်းကုန်ထမ်းဆောင်ကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

လတ်တလောကာလ နိုင်ငံတကာတွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများသာမက ပြည်တွင်းတွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် အခြေအနေ အရပ်ရပ်များတွင်ပါ လေယာဉ်/ ရဟတ်ယာဉ်များ၊ ဒရုန်းနှင့် ယူအေဗွီများအပါအဝင် လေကြောင်းစွမ်းအား အရင်းအမြစ်များသည် မရှိမဖြစ်လိုအပ်လာသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံအသီးသီးသည် လေတပ်အပါအဝင် လေကြောင်းစွမ်းအား ထုတ်လုပ်ဖြန့်ကြက်ပေးနိုင်သည့် တပ်ဖွဲ့အမျိုးမျိုးကို

**စာမျက်နှာ ၄ သို့** ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် လေယာဉ်ပုံစံငယ်ကို ဂါရဝပြု ပေးအပ်စဉ်။

☆ စာမျက်နှာ ၃ မှ

အင်အား တိုးတက်ရုံသာမက ခေတ်မီအဆင့်မြင့်စေရန်အတွက်ပါ တတ်စွမ်းသမျှ ကြိုးပမ်းလုပ်ဆောင် နေကြကြောင်း၊ တစ်ဖက်တွင်လည်း Non-State Actor များဖြစ်သည့် လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့အစည်းများ၊ ဝိသမစီးပွားရှာလိုသည့် အဖွဲ့အစည်းများသည် လည်း လေကြောင်းဆိုင်ရာ အရင်းအမြစ်များကို ပိုင်ဆိုင်အသုံးပြုလာနိုင်အောင် ကြိုးပမ်းနေကြသည်ကို လေ့လာတွေ့ရှိရကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် ပထဝီတည်နေရာအရ အချက်အချာကျသည့်နေရာတွင် တည်ရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီး နှစ်ခုအကြားတွင် တည်ရှိနေသည့်အပြင် တောင်အာရှနှင့် အရှေ့တောင်အာရှကို ဆက်စပ်ပေးထားသည့် နေရာဒေသလည်း ဖြစ်ကြောင်း၊ ရေကြောင်းအနေဖြင့် ကြည့်ပါကလည်း ဖြတ်သန်းသွားလာမှု အများဆုံး ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းကြောင်းများနှင့် နီးကပ်စွာ တည်ရှိနေကြောင်း၊ မိမိကိုယ်ပိုင် အနေဖြင့်လည်း သဘာဝသယံဇာတ အမျိုးမျိုး ပေါကြွယ်ဝသည့် ရေပြင်ပိုင်နက်နှင့် သီးသန့်စီးပွားရေးဇုန်တို့ကို ကျယ်ပြန့်စွာ ပိုင်ဆိုင်ထားကြောင်း၊ ပြည်တွင်းပထဝီအနေအထားကလည်း တောတောင်ထူထပ်ပြီး မြစ်ချောင်းအင်းအိုင်များ ပေါများစွာတည်ရှိနေသည့်အတွက် သာမန်သွားလာ ကူးသန်းရန် အကန့်အသတ်များရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ပထဝီနိုင်ငံရေးအရရော နိုင်ငံရေး ပထဝီအခြေအနေအရပါ ထူးခြားသည့် အခြေအနေများ ပိုင်ဆိုင်ထားသည့် မိမိတို့နိုင်ငံအနေဖြင့် ယခုအခြေအနေများထဲက မိမိနိုင်ငံအတွက် ကောင်းကျိုးများ အပြည့်အဝရရှိခံစား အသုံးချနိုင်ရန် လေကြောင်းစွမ်းအားသည် မရှိမဖြစ် လိုအပ်သည့်အပြင် အင်အားကောင်းမွန်စေရန်၊ ခေတ်မီအဆင့်မြင့်စေရန် မဖြစ်မနေ ကြိုးပမ်းတည်ဆောက်ရမည် ဖြစ်ကြောင်း၊ တပ်မတော်(လေ)သည် မိမိတို့နိုင်ငံ၏လေကြောင်းစွမ်းအား အရင်းအမြစ်များအနက် အဓိကကျသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်(လေ)အင်အားတောင့်တင်းခိုင်မာစေရေးနှင့် ခေတ်မီစေရေးအတွက် ရေတိုရေရှည် တွက်ဆဆောင်ရွက်ပေးလျက်ရှိကြောင်း။

လေကြောင်းစွမ်းအား အရင်းအမြစ်များသည် နည်းပညာ တိုးတက်ပြောင်းလဲမှု အပေါ် အဓိကတည်မှီနေသည်မှာ အထင်အရှားပင် ဖြစ်ကြောင်း၊ တပ်မတော်(လေ) အနေဖြင့် စွမ်းဆောင်ရည် အစဉ်ကောင်းမွန်နေရန် နည်းပညာတိုးတက်ပြောင်းလဲနေမှုကို မျက်ခြည်မပြတ် လေ့လာအကဲခတ်နေရမည်ကို သတိပေးပြောကြားလိုကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင် လေယာဉ်၊ ရဟတ်ယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(လေ) ၁၅ နှစ်တာကာလတိုးတက်ပြောင်းလဲမှု ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစဉ်။

**☆ တပ်မတော်(လေ)သည် မိမိတို့နိုင်ငံ၏ လေကြောင်းစွမ်းအား အရင်းအမြစ်များ အနက် အဓိကကျသည့် အဖွဲ့အစည်းတစ်ခုဖြစ်**

**☆ တပ်မတော်(လေ) အင်အားတောင့်တင်း ခိုင်မာစေရေးနှင့် ခေတ်မီစေရေးအတွက် ရေတိုရေရှည် တွက်ဆဆောင်ရွက်ပေးလျက် ရှိ**

## စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည်

အရည်အသွေးမြင့်မား ကောင်းမွန်သည့် လေယာဉ်/ ရဟတ်ယာဉ်များ ပိုင်ဆိုင်အသုံးပြုနိုင်ရေး ဆောင်ရွက်ရာတွင် အသစ်ဝယ်ယူဖြည့်တင်းခြင်းသာမက လက်ရှိပိုင်ဆိုင်ထားသည့် လေယာဉ်/ ရဟတ်ယာဉ်များကို စွမ်းရည်ပြည့် ပျံသန်းအသုံးချနိုင်ရန် စနစ်တကျ ထိန်းသိမ်းကိုင်တွယ် ပြင်ဆင်မွမ်းမံခြင်း၊ အခါအားလျော်စွာ အဆင့်မြှင့်တင် မွမ်းမံခြင်းတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ဒီလိုလုပ်ဆောင်နိုင်ခြင်းဖြင့် ငွေကြေးအကုန်အကျ များစွာသက်သာ လျော့နည်းစေနိုင်မည်ဖြစ်ကြောင်း။

လက်ရှိမိမိတို့ မြန်မာနိုင်ငံ၏ ဖြစ်ပေါ် တိုးတက်မှုများနှင့် ပတ်သက်ပြီး အနည်းငယ် အသိပေး ပြောကြားလိုကြောင်း၊ ပြည်တွင်းပြည်ပ နှောင့်ယှက်စွက်ဖက်မှုအမျိုးမျိုး၊ သပ်လျှိုသွေးခွဲမှုအမျိုးမျိုး၊ ကိုယ်ကျိုးရှာမှု အမျိုးမျိုးတို့ကြောင့် တပ်မတော်အနေဖြင့် မလွှဲသာဘဲ နိုင်ငံတော်တာဝန်များကို ခေတ္တတာဝန်ယူထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုအခါတိုးတက်ဖြစ်ပေါ်သည့် အခြေအနေများနှင့်အညီ အများပြည်သူ လိုလားတောင့်တချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပေးရန် ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲက ပေါ်ထွန်းလာမည့် ရွေးကောက်ခံအစိုးရထံ နိုင်ငံတော်တာဝန်များကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွှဲအပ်သွားမည်လည်းဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပ အဖွဲ့အစည်းအချို့သည် ၎င်းတို့ လိုလားချက်အတိုင်း မဟုတ်သည့်အတွက် ရွေးကောက်ပွဲမဖြစ်မြောက်စေရန်၊ ပျက်ပြားစေရန် နည်းလမ်းပေါင်းစုံဖြင့် စွက်ဖက်လုပ်ဆောင်ဟန့်တားလျက်ရှိကြောင်း၊ တစ်ဖက်မှလည်း အကြမ်းဖက်သောင်းကျန်းသူများသည် တပ်မတော်နှင့် ပြည်သူ ပူးပေါင်းလုပ်ဆောင်ချေမှုန်းမှုကြောင့် တဖြည်းဖြည်း အရေးနိမ့်လာ လျက်ရှိကြောင်း၊ ၎င်းတို့ ခေတ္တစိုးမိုးထားသည့် နယ်မြေများကို ဆက်လက်ဆုပ်ကိုင်ထားနိုင်ရန် နိုင်ငံပိုင်လမ်းတံတားအဆောက်အအုံများ၊ ပြည်သူလူထု၏ နေအိမ်တိုက်တာနှင့် ပိုင်ဆိုင်မှုများကို သွေးရူးသွေးတန်း တိုက်ခိုက်ဖျက်ဆီးလုယက် ယူဆောင်လျက်ရှိကြောင်း၊ ထိုသို့ တိုက်ခိုက်ဖျက်ဆီးမှုများကို ဟန့်တားချေမှုန်းရန် အထူးလိုအပ်ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အကူအညီကိုရယူကာ ဆက်လက်တိုးတက် ဆောင်ရွက်သွားမည်ကို အသိပေးပြောကြားလိုကြောင်း။

တပ်မတော်(လေ)ကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး လာမည့် ဒီဇင်ဘာလဆိုပါက သက်တမ်း ၇၈ နှစ်ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ အဆိုပါ ကာလအတွင်း၌ တပ်မတော်(လေ)သည် တပ်မတော်၏ အဓိကအစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပေးအပ်လာသည့် တာဝန်အမျိုးမျိုးကို အစွမ်းကုန် ကျေပွန်ပြီးမြောက်အောင် ကြိုးပမ်းထမ်းဆောင်ခဲ့သည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရကြောင်း၊ လက်ရှိတွင်လည်း တပ်မတော်(လေ)သည် မိမိတွင်ရရှိပိုင်ဆိုင်ထားသည့် လေကြောင်းစွမ်းအား အရင်းအမြစ်များကို အကျိုးအရှိဆုံး အသုံးချကာ ရည်မှန်းချက် တာဝန်များကို အောင်မြင်ထိရောက်စွာ ထမ်းဆောင်လျက်ရှိသည်ကို အသိအမှတ်ပြု ပြောကြားလိုကြောင်း၊ ထိုသို့ ထမ်းဆောင်နိုင်ခြင်းသည် တပ်မတော်(လေ)၏ အဓိက မဏ္ဍိုင်ကြီး(၃)ရပ်ဖြစ်သည့်ပျံသန်းရေးကဏ္ဍမှ လေသူရဲနှင့် လေယာဉ်သားများ၊ စက်မှုလက်မှုကဏ္ဍမှ အင်ဂျင်နီယာနှင့် ကျွမ်းကျင် ပညာသည်များ၊ အုပ်ချုပ်ရေးကဏ္ဍမှ အုပ်ချုပ်ထောက်ပံ့မှုနှင့် ရုံးလုပ်ငန်းဆိုင်ရာ ပညာသည်များနှင့် စာရေးများ ဟန်ချက်ညီ ပူးပေါင်းလုပ်ဆောင်ခဲ့ကြခြင်းကြောင့် ဖြစ်ကြောင်း၊ လာမည့် အနာဂတ်တွင်လည်း ယနေ့ တပ်တော်ဝင်ပေးမည့် လေယာဉ်/ ရဟတ်ယာဉ်များကို စနစ်တကျ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချ၍ ဟန်ချက်ညီပူးပေါင်း ကြိုးစားလုပ်ဆောင်ပြီး လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်မတော်(လေ) ၁၅ နှစ်တာကာလတိုးတက်ပြောင်းလဲမှုပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစဉ်။

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင် ပါဝင်သောလေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားစဉ်။

☆ စာမျက်နှာ ၄ မှ

ယနေ့ တပ်တော်ဝင်ပေးလိုက်သည့် လေယာဉ်/ရဟတ်ယာဉ်များကို မြတ်နိုးတန်ဖိုးထားပြီး ကျွမ်းကျွမ်းကျင်ကျင် ထိထိရောက်ရောက် ပျံသန်းကိုင်တွယ်အသုံးပြုထိန်းသိမ်းပြီး စွမ်းရည်အဆင့်အတန်း မြင့်မားသည့် လေတပ်မတော် တစ်ခုဖြစ်ကြောင်း သက်သေပြကြရန်၊ နိုင်ငံတကာဆက်ဆံရေး၊ ပထဝီနိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ် ပြောင်းလဲလာမှုများနှင့် သိပ္ပံနှင့်နည်းပညာ အဆင့်မြင့်တိုးတက်လာမှုအခြေအနေများကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်ဖော်ထုတ်ပြီး တပ်မတော်(လေ)၏ တိုက်စွမ်းအား အစဉ်ထိရောက်မြင့်မားနေအောင် ကြိုးပမ်းတီထွင်လုပ်ဆောင်သွားကြရန်၊ ရရှိပိုင်ဆိုင်ထားပြီးဖြစ်သည့် လေကြောင်းစွမ်းအားအရင်းအမြစ်များကို အထိရောက်ဆုံး အသုံးချနိုင်စေရေး စဉ်ဆက်မပြတ် လေ့ကျင့်ခြင်း၊ သုတေသနပြု စမ်းသပ်တီထွင်ထုတ်လုပ်ခြင်း၊ အလဟဿဆုံးရှုံးပျက်စီးထိခိုက်မှုမရှိအောင် အလေးထား လုပ်ဆောင်ခြင်း စသည့် လုပ်ငန်းစဉ်များကို ပျံသန်းရေး၊ စက်မှုလက်မှုနှင့် အုပ်ချုပ်ရေး မဏ္ဍိုင်ကြီး (၃) ရပ် ပေါင်းစပ်ညှိနှိုင်းကာ တာဝန်ရှိသူအဆင့်ဆင့်က အလေးထား ကြပ်မတ်စီမံလုပ်ဆောင်ကြရန်၊ တပ်မတော်၏ကောင်းမြတ်သည့် အစဉ်အလာများကို အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်ပြီး ကမ္ဘာတည်သရွေ့ မြန်မာတည်အောင် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင် အခမ်းအနားနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်က လေယာဉ်၊ ရဟတ်ယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်များ တပ်တော်ဝင် အထိမ်းအမှတ် လေယာဉ်ပုံစံငယ်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်း အလေးပြုခြင်းနှင့် စွမ်းရည်ပြသခြင်းများကို ဆောင်ရွက်ရာ Mi-17 ရဟတ်ယာဉ်လေးစင်း Eurocopter ရဟတ်ယာဉ်နှစ်စင်းတို့က Composite Formation ပုံစံဖြင့်လည်းကောင်း၊ Bell – 206 ရဟတ်ယာဉ် နှစ်စင်း၊ H-125 ရဟတ်ယာဉ် နှစ်စင်းတို့က Composite Box Formation ပုံစံဖြင့်လည်းကောင်း၊ MTX-1B ကင်းထောက် လေယာဉ်တစ်စင်း၊ MTX-A ကင်းထောက်လေယာဉ် တစ်စင်းနှင့် Grob-120 TP အမောင်းသင်လေယာဉ်တစ်စင်းတို့က Trail Formation ပုံစံဖြင့်လည်းကောင်း၊ ATR-72 သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်း၊ Beech-1900D သယ်ယူပို့ဆောင်ရေး လေယာဉ်နှစ်စင်းတို့က Composite Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ K-8 ဂျက်တိုက်လေယာဉ်လေးစင်းတို့က Box Formation ပုံစံဖြင့်လည်းကောင်း၊ MiG-29 ဘက်စုံသုံး ဂျက်တိုက်လေယာဉ်ငါးစင်းက Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ Su-30 SME ဘက်စုံသုံး အကြီးစားဂျက်တိုက်လေယာဉ်သုံးစင်းက Arrow Head Formation ပုံစံဖြင့်လည်းကောင်း အသီးသီး သရုပ်ပြပျံသန်းကြသည်။

**သရုပ်ပြပျံသန်း**

ယင်းနောက်စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်ဖြစ်သည့် Su-30 SME တိုက်လေယာဉ်နှစ်စင်းဖြင့် ပျံသန်းအလေးပြုပြီး ၎င်းတိုက်လေယာဉ်၏ အဆင့်မြင့်လှုပ်ရှားစစ်ကစားမှု (High Performance Maneuver) များအား စွမ်းရည်ပြပျံသန်းခြင်းများ ဆောင်ရွက်သည်။

ထိုသို့စွမ်းရည်ပြသရာတွင် Su-30 SME တိုက်လေယာဉ်နှစ်စင်းက Combat Turn Maneuver ဟုခေါ်သည့် မြေပြင်တွင်ရှိသည့် ပစ်မှတ်အား ပစ်ခတ်၍ တန်ပြန်ပစ်ခတ်ခြင်းမခံရစေရေးအတွက် ဦးတည်ရာအရပ်၏ ဆန့်ကျင်ဘက်သို့ ရုတ်ခြည်းပြန်လည်လှည့်ထွက်ပျံသန်းခြင်းဖြင့် ဦးစွာ သရုပ်ပြပျံသန်းသည်။

ဆက်လက်၍ Su-30 SME တိုက်လေယာဉ်တစ်စင်းက ရှေ့မှပျံသန်းနေသည်ကို Su-30 SME တိုက်လေယာဉ်တစ်စင်းက နောက်မှလိုက်၍ Barrel Roll Maneuver ဟုခေါ်သည့် လေယာဉ်၏ မူလဦးတည်ရာ အရပ်မျက်နှာပြောင်းလဲခြင်းမရှိဘဲ ဒုံးများ၊ ကျည်ဆံများ ပစ်ခတ်ခံရမှုမှ လျင်မြန်စွာ ရှောင်ရှားသည့် စစ်ကစားမှုပုံစံဖြင့် ပျံသန်းသရုပ်ပြခြင်းဖြင့် သရုပ်ပြပျံသန်းသည်။

ထို့နောက် Su-30 SME တိုက်လေယာဉ် တစ်စင်းသည် သာမာန် ဂျက်တိုက်လေယာဉ်များ မပြုလုပ်နိုင်သည့် ပျံသန်းမှုအမျိုးအစားဖြစ်သော High AOA Loop Maneuver ပုံစံဖြင့်လည်းကောင်း၊ Trail Slide Maneuver ဟုခေါ်သော လေယာဉ်အား အပေါ်သို့ ဒေါင်လိုက်ပျံတက်ပြီး အမြန်နှုန်း Zero သို့ လျှော့ချကာ အောက်သို့ ဒေါင်လိုက် ပြန်လည်လျှောကျသည့် ပျံသန်းမှုပုံစံဖြင့်လည်းကောင်း၊ Vertical Roll Maneuver ဟုခေါ်သည့် ရန်သူ၏ရေဒါခြေရာခံမှုမှ လျင်မြန်စွာရှောင်ရှားနိုင်ရန်နှင့် ရုတ်ခြည်းအမြင့်ပေရရှိလိုသည့် အခြေအနေမျိုးတို့တွင် အသုံးပြုသည့် စစ်ကစားမှုပုံစံဖြင့်လည်းကောင်း သရုပ်ပြပျံသန်းသည်။

ယင်းနောက် MiG-29 ဘက်စုံသုံး ဂျက်တိုက်လေယာဉ်ငါးစင်းက ရှုရပ်၏ ရှေ့တည့်တည့်မှ ပျံသန်းဝင်ရောက်ပြီး Fan Brake ပုံစံဖြင့် ပျံသန်းသရုပ်ပြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင် လေယာဉ်၊ ရဟတ်ယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် တပ်တော်ဝင် လေယာဉ်၊ ရဟတ်ယာဉ်များအား လှည့်လည်ကြည့်ရှုကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တပ်မတော်(လေ) ၁၅ နှစ်တာကာလ တိုးတက်ပြောင်းလဲမှု ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို ပြကွက်တစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင် ပါဝင်သော လေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- **နိုင်ငံတကာဆက်ဆံရေး၊ ပထဝီနိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ် ပြောင်းလဲလာမှုများနှင့် သိပ္ပံနှင့် နည်းပညာ အဆင့်မြင့်တိုးတက်လာမှုအခြေအနေများကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်ဖော်ထုတ်ပြီး တပ်မတော်(လေ)၏ တိုက်စွမ်းအား အစဉ်ထိရောက်မြင့်မားနေအောင် ကြိုးပမ်းတီထွင်လုပ်ဆောင်**
- **ရရှိပိုင်ဆိုင်ထားပြီးဖြစ်သည့် လေကြောင်းစွမ်းအား အရင်းအမြစ်များကို အထိရောက်ဆုံး အသုံးချနိုင်စေရေး စဉ်ဆက်မပြတ် လေ့ကျင့်ခြင်း၊ သုတေသနပြု စမ်းသပ်တီထွင်ထုတ်လုပ်ခြင်း၊ အလဟဿဆုံးရှုံးပျက်စီးထိခိုက်မှုမရှိအောင် အလေးထားလုပ်ဆောင်ခြင်း စသည့် လုပ်ငန်းစဉ်များကို ပျံသန်းရေး၊ စက်မှုလက်မှုနှင့် အုပ်ချုပ်ရေး မဏ္ဍိုင်ကြီး (၃) ရပ် ပေါင်းစပ်ညှိနှိုင်းကာ တာဝန်ရှိသူအဆင့်ဆင့်က အလေးထားကြပ်မတ်စီမံ**
- **တပ်မတော်၏ကောင်းမြတ်သည့် အစဉ်အလာများကို အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်ပြီး ကမ္ဘာတည်သရွေ့ မြန်မာတည်အောင် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်**



တပ်တော်ဝင် ရဟတ်ယာဉ်များကို တွေ့ရစဉ်။



တိုက်လေယာဉ်များ သရုပ်ပြပျံသန်းစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း နှစ်(၇၀) ပြည့် ကရင်ပြည်နယ်နေ့ အခမ်းအနား တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၇**

ကရင်တိုင်းရင်းသားလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း တက်ရောက်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် နှစ် (၇၀) ပြည့် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဖတ်ကြားစဉ်။

### တက်ရောက်

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ဗဟိုအကြံပေး အဖွဲ့ဝင်များဖြစ်ကြသည့် စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ မန်းငြိမ်းမောင်နှင့် ပိုးရယ်အောင်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ သဘာပတိအဖွဲ့ဝင်များ နေရာယူပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြု၍ ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် နှစ် (၇၀) ပြည့် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများနှင့် တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တို့က နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးနှင့်ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက နှစ်(၇၀) ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ငြိမ်းချမ်းရေးချိုးဖြူငှက်အကောင် ၇၀ ကို လွှတ်ပေးကြသည်။



ပြည်ထောင်စုဝန်ကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများနှင့် တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တို့က နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးနှင့်ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

### ကြည့်ရှုအားပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဘင်ခရာ၊ ပန်းဖွားနှင့် ဒုံးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ နှစ်(၇၀) ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ဌာနဆိုင်ရာပြခန်းများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းများ၊ ဒေသထွက်ကုန် အရောင်းပြခန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စက်မှုလက်မှုထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနပြခန်း၌ ကျင်းပသည့် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသည့် တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ရှိ ကန်သာယာရေပြင်၌ ကျင်းပသည့် ရိုးရာလှေလှော်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ကျန်းမာရေးအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ရေပြင်အသက်ကယ်အဖွဲ့၊ လူမှုကယ်ဆယ်ရေးအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများနှင့် ရိုးရာလှေလှော်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကာ သီရိသံလွင်ကွင်း၌ ကျင်းပသည့် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ညပိုင်းတွင် ဘားအံမြို့သီရိကွင်း၌ ကျင်းပသည့် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ကရင်ရိုးရာ ဒုံးအကပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသော ပြိုင်ပွဲဝင်ဒုံးအကအဖွဲ့များ၏ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ရှိ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ကရင်ပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး စီမံခန့်ခွဲရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ သုတေသန၊ လူမှုရေးနှင့် အမျိုးဘာသာ၊ သာသနာဆိုင်ရာထူးချွန်ဆု စသည့် စုစုပေါင်း ဂုဏ်ထူးဆောင်ဆု ၈၆ ဆုကို ပေးအပ်ချီးမြှင့်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ပေးအပ်စဉ်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၅) ရပ်ကွက်ရှိ စိုက်ပျိုးရေးဝင်း၌ ကျင်းပသည့် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် Avenue Park ပန်းခြံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပန်းခြံကို ဖဲကြိုးဖြတ်၍လည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီး ဦးတင်အောင်စန်းက Avenue Park ပန်းခြံဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းတို့ကို စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ ပန်းခြံကိုလှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် အဆိုပါရပ်ကွက်အတွင်း ဖွင့်လှစ်ထားသည့် လူငယ်စင်တာကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ညပိုင်းတွင် ဘားအံမြို့သီရိကွင်း၌ နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ကရင်ရိုးရာဒုံးအက ပြိုင်ပွဲ ယှဉ်ပြိုင်လျက်ရှိသော ပြိုင်ပွဲဝင်ဒုံးအဖွဲ့များ၏ ရှင်မြူးတက်ကြွဖွယ် ကရင်ဒုံးအက ယှဉ်ပြိုင်ကပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

ရက် ၅၀

သာ လိုတော့သည်။

## ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၈)နှင့် A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၈)နှင့် A.G.T.I ဒီပလိုမာ သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဌာနဆိုင်ရာများနှင့် ဧည့်သည်တော်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များအား နယ်စပ်ဒေသများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)တို့ကို တည်ထောင်ဖွင့်လှစ် ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၆၁၄ ဦး၊ သိပ္ပံဘွဲ့ ၁၀၆၄ ဦး၊ B.Tech ဘွဲ့ ၁၃၉ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ၉၉၀ စုစုပေါင်း ၂၈၀၇ ဦးတို့အား ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ မဟာဝိဇ္ဇာဘွဲ့ ၁၁၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၁၆ ဦး၊ မဟာသုတေသနဘွဲ့ ၂၇ ဦး၊ Ph.D ဘွဲ့ ၃၂ ဦး၊ B.E ဘွဲ့ ၆၂၅ ဦး၊ M.E ဘွဲ့ ၃၄ ဦး၊ B.Tech ဘွဲ့ ၂၁၇ ဦး အောင်မြင်မှုရရှိခဲ့သည့်အပြင် ဘာသာရပ်အလိုက် ဆက်လက်ကြိုးပမ်းသင်ယူဆဲ ကျောင်းသား ကျောင်းသူများလည်း ရှိနေကြောင်း သိရှိရသည့်အတွက် အားရဂုဏ်ယူဖွယ်ဖြစ်ကြောင်းနှင့် ကျောင်းဆင်း ကျောင်းသား ကျောင်းသူများအနေဖြင့် အတုယူကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

သင်တန်းဆင်းမောင်မယ်တို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးသည် များစွာအရေးကြီးကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားပြည်သူများနှင့် အတူတကွပူးပေါင်း၍ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့ အနေဖြင့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲကို ဂုဏ်သိက္ခာရှိစွာဖြင့် သတ်မှတ်ကာလအတွင်း အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍအသီးသီးမှ တစ်တပ်တစ်အား အားကြိုးမာန်တက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် အထူးတိုက်တွန်း မှာကြားလိုကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကြသည့်အခါ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများအတိုင်း ကျင့်ဝတ်စည်းကမ်းတန်ဖိုးများကို သိရှိလိုက်နာပြီး လုပ်ငန်းစွမ်းဆောင်ရည်အပြည့်ဖြင့် မြင့်မားသောစိတ်ဓာတ်၊ မှန်ကန်သော ခံယူချက်၊ မြင့်မြတ်သော အကျင့်စာရိတ္တကောင်းများကို လက်ကိုင်ပြု၍ အဂတိတရားကင်းရှင်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ကြိုးစားထမ်းဆောင်သွားကြရန် အထူးတိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာထူးချွန်ဆုရရှိသူ နှစ်ဦးအားလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အင်ဂျင်နီယာထူးချွန်ဆုရရှိသူ တစ်ဦးအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက အလုပ်တာဝန်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒီဂရီကောလိပ်အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများနှင့်တွေ့ဆုံ၍ ကျောင်းအုပ်ကြီးက ဒီဂရီကောလိပ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ လေ့ကျင့်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ရေ၊ မီးရရှိမှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး ဒီဂရီကောလိပ်ရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ အတွက် ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒီဂရီကောလိပ်အတွင်းရှိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း၊ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားနေမှုများ၊ သင်ကြားမှုအထောက်အကူပစ္စည်းဖြစ်သည့် Computer Numerical Control (CNC) Lathe Machine လုပ်ငန်းဆောင်ရွက်နိုင်မှု၊ အိပ်ဆောင်များ၊ စားရိပ်သာများ၊ ငါးခူမွေးမြူရေးဆောင်ရွက်ထားရှိမှု၊ ပွဲကြည့်စင်နှင့် ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေး၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မော်လမြိုင်မြို့၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး



မော်လမြိုင် နိုဝင်ဘာ ၇

မော်လမြိုင်မြို့၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း ဦးသာညွှန့်အဆောင်၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မွန်ပြည်နယ် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ကျောင်းသား ကျောင်းသူများအား သစ်တောသစ်ပင်ပြုစုထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့်အချက်များ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်နိုင်ရေးနည်းလမ်းများနှင့် သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းကြောင့် ရာသီဥတုကောင်းမွန်လာစေခြင်း အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောပြီး အဆိုပါအကြောင်းအရာများနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ မွန်ပြည်နယ် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးသမိုင်းတစ်လျှောက်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားပြောင်းလဲမှုဖြစ်စဉ်များနှင့်အတူ အသွင်အမျိုးမျိုးဖြင့် ပြုပြင်ပြောင်းလဲပြီး ယနေ့ခေတ်ကာလတိုင်အောင် နိုင်ငံတော်၏အုပ်ချုပ်ရေးကို အထောက်အကူပြုသည့် ဌာနကြီးတစ်ခုအနေဖြင့် ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်းသည် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ဌာန၏ ရည်မှန်းချက်များဖြစ်သည့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ဌာန၏ မူဝါဒများဖြစ်သည့် နိုင်ငံတော်မူဝါဒလိုက်နာရေး၊ အခြေခံသဘောတရားနှင့် ကိုက်ညီရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေရေးနှင့် ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးတွင်လည်း ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသည် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့်အတူ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ထိခိုက်ပျက်စီးမှုစာရင်းကောက်ယူခြင်း လုပ်ငန်းများ၊ ယာယီနေထိုင်နိုင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများတွင် ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းများအပေါ် ဌာနအနေဖြင့် များစွာဂုဏ်ယူရကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အရာထမ်း၊ အမှုထမ်းများအနေဖြင့် လိုအပ်သည့် အခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် နိုင်ငံ့အကျိုးကို အစဉ်သယ်ပိုးနိုင်ပြီး အရည်အသွေးပြည့်ဝသည့် အုပ်ချုပ်ရေးဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ဌာနတူညီဝတ်စုံများနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များနှင့် အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည့်သင်တန်းများတွင် စံပြဆု၊ ပထမဆုရရှိသူများကို ဆုများချီးမြှင့်ခြင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

ထားဝယ် နိုဝင်ဘာ ၇

(၃၇)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီးထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးအောင်ချိုက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ဖတ်ကြားရှင်းလင်းကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ Video Clip ကိုပြသသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အုပ်ချုပ်မှုစွမ်းရည်မြှင့်မားရေးသင်တန်းအမှတ်စဉ်(၆)တွင် ထူးချွန်စွာအောင်မြင်သူ ဒေါ်နှင်းနှင်းသက်အား ဂုဏ်ပြုဆုချီးမြှင့်ပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးတို့က လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးက အငြိမ်းစားဝန်ထမ်းများအား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၇

ပြည်ထဲရေး ဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကိုယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းတွင် သင်တန်းတက်ရောက်ပြီး ဆုရရှိခဲ့သူများအား ဂုဏ်ပြုဆု၊ ချီးမြှင့်ငွေများပေးအပ်ကာ ဝန်ထမ်းများအတွက် ဌာနဝတ်စုံများ ပေးအပ်၍ တက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

# ကံမမြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးသတိမူရေး လက်ကမ်းစာစောင်များဖြန့်ဝေ



ကံမ နိုဝင်ဘာ ၇

ကံမမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ခရိုင် မီးသတ်ဦးစီးမှူးများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာ ယနေ့တွင် ကံမမြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝေယံဖြိုး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မဈေးမှ တာဝန်ရှိသူများ ပူးပေါင်း၍ မီးဘေးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး အတွက် မြို့မဈေးကြီးအတွင်း မီးသတိပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကောင်းစစ်နိုင်

# လက်ပံတန်း၌ ကျောင်းကျန်းမာရေး လှုပ်ရှားမှုများ ကွင်းဆင်းဆောင်ရွက်

လက်ပံတန်း နိုဝင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ တင်ဇော်ဝင်းနှင့် ကျန်းမာရေး ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

**အသိပညာပေး ဆွေးနွေး**

ထိုသို့ ဆောင်ရွက်ရာတွင် ဒေါက်တာ တင်ဇော်ဝင်းနှင့် အဖွဲ့သည် မအူကုန်းရပ်ကွက် နယ်မြေ(၁၅)အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင် ၂၀ အား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းနှင့် အထက(၁)၌ 



ကျောင်းသား ကျောင်းသူ ၉၅ ဦးအား ကျန်းမာရေး အသိပညာပေးဆွေးနွေးပြီး ကျောင်းကျန်းမာရေး စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi နှင့် ဆော်ဒီအာရေဗျ သံအမတ်ကြီး Mr. Saud bin Abdullah Al Subaie တို့ကို သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi နှင့် ဆော်ဒီအာရေဗျ သံအမတ်ကြီး Mr. Saud bin Abdullah Al Subaie တို့ကို ယနေ့တွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ UNHCR က လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့် UNHCR အကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ (ယာပုံ)

ဆော်ဒီအာရေဗျ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာ-ဆော်ဒီအာရေဗျ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

မြန်မာ့ကျောက်မျက် ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်သည်။

ဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးကအဖွင့်အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသရောင်းချမည့် ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများ၊ ပုလဲအတွဲများ အတွဲဖွဲ့စည်းထားမှုနှင့် ရောင်းချမည့် အခြေအနေများကိုလည်းကောင်း၊ ပြပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ကော်မတီများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး၏ မြန်မာနိုင်ငံ ခရီးစဉ်နောက်ပိုင်းဖြစ်ပေါ်တိုးတက်မှုများ၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ခွင့် ဗီဇာနှင့် ပြည်တွင်းနေထိုင်ခွင့်သက်တမ်းတိုးရေးကိစ္စများ၊ UNHCR နှင့် ဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ကြိမ်မဲတောင်ကျေးရွာ ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့် အအေးခန်းသိုလှောင်ရုံစနစ် စီမံကိန်းပြီးမြောက်အောင်မြင်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၃)ဖြင့် ဆောင်ရွက်ခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး ကြိမ်မဲတောင်ကျေးရွာ ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့် အအေးခန်းသိုလှောင်ရုံစနစ် စီမံကိန်းပြီးမြောက်အောင်မြင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ Grand Amara ဟိုတယ်တွင် ကျင်းပသည်။



အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ) မှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်ကျော်မိုး၊ Green Irrawaddy Energy Co., ltd. မှ တာဝန်ရှိသူများနှင့် စီမံကိန်းကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

ဦးစွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု မှတ်တမ်းတင် Video Clip ကိုပြသသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး ရည်မှန်းချက်ပြည့်မီစေရေးကို အထောက်အကူပြုနိုင်ရန်အတွက် အကြိုလျှပ်စစ်ဓာတ်အားပေးစနစ်အဖြစ် မဟာဓာတ်အားလိုင်းပြင်ပစနစ် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ အိမ်သုံးဆိုလာစနစ် ၄၇၄၀၇၇ စုံ၊ အသေးစားဓာတ်အားစနစ်လုပ်ငန်းပေါင်း ၁၃၆ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးရွာပေါင်း ၁၀၅၁၁ ရွာ၊ အိမ်ခြေ ၅၁၇၅၃၄ အိမ် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့် အောက်တိုဘာလတွင် ထွက်ရှိခဲ့သည့် ၂၀၂၄ ခုနှစ်သန်းခေါင်စာရင်းအရ ကျေးလက်ဒေသ၏ ၅၁ ဒသမ ၆ ရာခိုင်နှုန်းမှာလျှပ်စစ်မီးရရှိသုံးစွဲနေသည်ကိုတွေ့ရပြီး စွမ်းအင်အရင်းအမြစ်အသုံးပြုမှုအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှုသည် ကျေးလက်ဒေသတွင် ၃၀ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ၂၉ ဒသမ ၇ ရာခိုင်နှုန်းမှာ ဆိုလာစွမ်းအင်သုံးစွဲခြင်းကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ကျေးလက် မီးလင်းရေးတွင် ဆိုလာစွမ်းအင်က အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေခြင်းမှာ မငြင်းနိုင်သည့်အမှန်တရားပင် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် Green Irrawaddy Energy Co., Ltd. မှ Managing Director က စီမံကိန်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားကာ ဒေသခံတစ်ဦးက စီမံကိန်း ဆောင်ရွက်ပေးခဲ့မှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းအောင်မြင်ခြင်း အထိမ်းအမှတ် အမှတ်တရလက်ဆောင်များပေးအပ်ကာ စီမံကိန်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို လိုက်လံလှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘရာဇီးနိုင်ငံ ဘဲလ်လမ်မြို့၌ကျင်းပသည့် ဘဲလ်လမ်ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၇**

ဘရာဇီးနိုင်ငံသမ္မတ လူးဝစ်အင်နာစီယို လူလာဒါဆေးလ်ဗား၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်(ကိုယ်စား) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရာဇီးနိုင်ငံ ဘဲလ်လမ်မြို့၌ နိုဝင်ဘာ ၆ ရက်မှ ၇ ရက်အထိ ကျင်းပသည့် ဘဲလ်လမ် ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေး(Belem Climate Summit) သို့ တက်ရောက်သည်။




**ဆက်လက်ကြိုးပမ်း**

နိုဝင်ဘာ ၆ ရက်ဖွင့်ပွဲအခမ်းအနားတွင်ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာအန်တိုနီယိုဂူတာရက်စ်က ရာသီဥတုပြောင်းလဲမှု လျှော့ချရေးဆိုင်ရာ ကတိကဝတ်များ ဖြည့်ဆည်းရေးနှင့် အပူချိန် ၁ ဒသမ ၅ ဒီကရီဆဲလ်စီးယပ် လျှော့ချရေး ဆက်လက်ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှုများ ရပ်တန့်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၃၅ ခုနှစ် အရောက်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရာသီဥတုဆိုင်ရာ ရန်ပုံငွေ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ထရီလီယံ ရရှိရေးနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာဘီလီယံ ၃၀၀ ရရှိရေး ဦးဆောင်ကြရမည်ဖြစ်ကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍနှင့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးအောင် အကောင်အထည်ဖော်ရမည့်အချိန် ဖြစ်ကြောင်း ပြောကြားသည်။

ဘရာဇီးနိုင်ငံသမ္မတ မစ္စတာ လူးဝစ်အင်နာစီယို လူလာဒါဆေးလ်ဗားက စွမ်းအင်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ခြင်းနှင့် သဘာဝကို ကာကွယ်ခြင်းသည် ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းချုပ်ရန် အထိရောက်ဆုံး နည်းလမ်းနှစ်ခုဖြစ်ကြောင်း၊ အခက်အခဲများ၊ စိန်ခေါ်မှုများရှိနေသော်လည်း သစ်တောပြုန်းတီးမှုကိုရပ်တန့်ရန် ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုမှုကို ကျော်လွှားရန်နှင့် အဆိုပါရည်မှန်းချက်များအတွက် လိုအပ်သောအရင်းအမြစ်များကို စုစည်းရန် တရားမျှတပြီး စနစ်တကျရေးဆွဲထားသော လမ်းပြမြေပုံများလိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စုံညီအစည်းအဝေးကို ဆက်လက်ကျင်းပပြီး နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် သစ်တောနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကြီးအကဲများက မိန့်ခွန်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် “ရာသီဥတုနှင့်သဘာဝ၊သစ်တောများနှင့် သမုဒ္ဒရာများ”ခေါင်းစဉ်ဖြင့် ဘာသာရပ်ဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဘရာဇီးနိုင်ငံသမ္မတက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် နိုင်ငံ့ခေါင်းဆောင်များက ပါဝင်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ဆွေးနွေးရာတွင် သစ်တောများနှင့် သမုဒ္ဒရာများ၏ ဂေဟစနစ်များ ရေရှည်တည်တံ့စေခြင်းသည် ရာသီဥတုဒဏ် ကြံ့ကြံ့ခံနိုင်မှုရှိစေရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပင်လယ်ပြင်အခြေပြု အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေးတို့အတွက် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာကအသိအမှတ်ပြုထားသည့် ဇီဝမျိုးစုံမျိုးကွဲများစုံလင်သည့် အချက်အချာကျသည့် ဒေသတစ်ခုဖြစ်ပြီး နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသည် သစ်တောဖုံးလွှမ်းလျက်ရှိပါကြောင်း၊ နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းကို သစ်တောဖုံးလွှမ်းမှု တိုးမြင့်လာစေရေး ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မူဝါဒများချမှတ်၍ ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

**အဓိက မဟာဗျူဟာကျသည့် မဏ္ဍိုင်တစ်ခုဖြစ်**

ပါရီသဘောတူညီချက်အရ မြန်မာနိုင်ငံ၏ “အမျိုးသားအဆင့်ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေ ရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Nationally Determined Contributions–NDC)” တွင် သစ်တောကဏ္ဍသည် အဓိက မဟာဗျူဟာကျသည့် မဏ္ဍိုင်တစ်ခုဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံ၏ ၃၀ ရာခိုင်နှုန်းအား ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများအဖြစ် လည်းကောင်း၊ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ်လည်းကောင်း ဖွဲ့စည်းသတ်မှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါပင်လယ်ပြင်ဆိုင်ရာ ကတိကဝတ်များအနေဖြင့် ဒီရေတောဧရိယာဟက်တာ ငါးသိန်းကျော်ကို ထိန်းသိမ်းကာကွယ်ထားလျက်ရှိပါကြောင်းနှင့် ရေရှည်တည်တံ့သော “အပြာရောင် စီးပွားရေး” (Blue Economy) ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ပင်လယ်ကမ်းရိုးတန်း သယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်း အစီအစဉ်ဖြင့် ကမ်းရိုးတန်းသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အပူပိုင်းသစ်တောများ ထာဝရရန်ပုံငွေ “Tropical Forests Forever Facility– TFFF” ကြေညာချက်ကို လက်မှတ်ရေးထိုးနိုင်ရေး အတည်ပြုထားပြီးဖြစ်ပါကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုဆိုင်ရာ အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်ရှိမျိုးဆက်နှင့် အနာဂတ်မျိုးဆက်များအတွက် ကမ္ဘာမြေအား ထိန်းသိမ်းကာကွယ်ရန် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘရာဇီးနိုင်ငံသမ္မတ လူးဝစ်အင်နာစီယို လူလာဒါဆေးလ်ဗား တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်သည်။

ဘရာဇီးနိုင်ငံအစိုးရက ကမကထပြုတည်ထောင်သော အပူပိုင်းသစ်တောများ ထာဝရ ရန်ပုံငွေဆိုင်ရာ ကြေညာချက် “TFFF”တွင် ယခင်က လက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံ ၂၂ နိုင်ငံရှိရာမှ ယခုအခါ ၅၃ နိုင်ငံက လက်မှတ်ရေးထိုးရန် သဘောတူညီမှု ရရှိပြီးဖြစ်သည်။ ဘဲလ်လမ်ရာသီတုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များ၊ အဆင့်မြင့် ကိုယ်စားလှယ်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ အကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ၂၀၂၅ ခုနှစ် (၁၄)ကြိမ်မြောက် အာဆီယံ ကျောင်းသားအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာကျောင်းသား အားကစားအဖွဲ့အား အောင်နိုင်ရေးအလံ အပ်နှင်း

**နေပြည်တော် နိုဝင်ဘာ ၇**

၂၀၂၅ ခုနှစ် (၁၄)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာကျောင်းသား အားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းက နေပြည်တော် ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ် များ၊ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားမောင်မယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဘရူနိုင်းဒါရူဆလမ်နိုင်ငံတွင် ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ အနေဖြင့် အခြေခံပညာ ဦးစီးဌာနက ဦးဆောင်၍ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကျောင်းသားအားကစား ပြိုင်ပွဲများ ကျင်းပပြီး အဆိုပါပြိုင်ပွဲများမှ တစ်ဆင့် ကျောင်းသား ကျောင်းသူများကို စနစ်တကျ ရွေးချယ်ကာ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(၂)တွင် အားကစားနည်းအလိုက် ကျွမ်းကျင်သော ကာယပညာ ဆရာများနှင့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှ နည်းပြများဖြင့် စနစ်တကျ လေ့ကျင့်ပေးသည်ကို တွေ့ရှိရသည့်အတွက် ဆုတံဆိပ်များရရှိမည်ဟု ယုံကြည်ပါကြောင်း။



အားကစား နည်းအလိုက် ယှဉ်ပြိုင်ကြရာတွင် အောင်မြင်မှုများ ရရှိရုံသာမက နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် မျိုးချစ်စိတ်ဓာတ် ထက်သန်မှု၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှုများကို ဖော်ထုတ်ပြသနိုင်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအဖြစ် ကြိုးစားယှဉ်ပြိုင်ကြရန် အထူး မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက (၁၄)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာကျောင်းသား အားကစားအဖွဲ့ထံသို့ အောင်နိုင်ရေးအလံပေးအပ်ပြီး ကျောင်းသားအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၅၀ ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက မြန်မာကျောင်းသားအားကစားအဖွဲ့အား ပံ့ပိုးကူညီပေးသည့် ROYAL–D နှင့် WINNER SPORT တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူးက ပြိုင်ပွဲဝင်ဖိနပ်များနှင့် လိုအပ်သော ပစ္စည်းများကို ပေးအပ်ရာ ဒုတိယဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀ ပေးအပ်ရာ မြန်မာကျောင်းသား အားကစားအဖွဲ့ တာဝန်ခံက လက်ခံရယူသည်။

ဘရူနိုင်းဒါရူဆလမ်နိုင်ငံတွင် နိုဝင်ဘာ ၂၀ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲကြီးတွင် အားကစားနည်း (၈)မျိုး ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ အနေဖြင့် ကြက်တောင် (အမျိုးသား/အမျိုးသမီး)၊ ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား)နှင့် ဘတ်စကက်ဘော(အမျိုးသား) အားကစားနည်း (၄)မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယနေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ခွဲ) အလက (၁)သို့ ရောက်ရှိကာ ကွန်ပျူတာခန်း၊ စက်မှုနည်းပညာ(၁)ခန်း၊ စိုက်ပျိုးရေး လက်တွေ့ပြခန်း၊ Drawing ခန်းများရှိ လက်တွေ့ခန်းသုံး ပစ္စည်းများအား ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၇)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် စီးပွားရေးဝန်ကြီးများအစည်းအဝေး မြန်မာနိုင်ငံ၌ အောင်မြင်စွာကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၇**

(၁၇) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) စီးပွားရေးဝန်ကြီးများအစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က သဘာပတိအဖြစ် ဦးဆောင်ကျင်းပပြီး ပြည်ထောင်စုဝန်ကြီးက စီအယ်လ်အမ်ဗွီနိုင်ငံများ၏ ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၈၃ ဒသမ ၄ ဘီလီယံ အထိရောက်ရှိခဲ့ပြီး အာဆီယံ စုစုပေါင်းကုန်သွယ်မှု၏ ၂၃ ဒသမ ဝ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း စီအယ်လ်အမ်ဗွီနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုသည် ၃ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးကို ရည်ရွယ်သည့် စီအယ်လ်အမ်ဗွီလုပ်ငန်းအစီအစဉ်အရ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှုများသည် စီးပွားရေးတိုးတက်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုများအတွက် အထောက်အပံ့ဖြစ်စေကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် စီးပွားရေးအလယ်အလတ်ရှိသော အဆင့်သို့ ရောက်ရှိစေရန် ရည်မှန်းရေးဆွဲထားသည့် စီအယ်လ်အမ်ဗွီဖွံ့ဖြိုးတိုးတက်မှု မူဘောင်အကောင်အထည်ဖော်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် စီအယ်လ်အမ်ဗွီအဆင့်မြင့်စီးပွားရေး အရာရှိများအစည်းအဝေး၏သဘာပတိနိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် စီအယ်လ်အမ်ဗွီစီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ပြသည်။



ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များက စီအယ်လ်အမ်ဗွီလုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၄) အကောင်အထည်ဖော်မှုတွင် ရရှိခဲ့သည့်အတွေ့အကြုံများကိုအခြေခံ၍ စီအယ်လ်အမ်ဗွီလုပ်ငန်းအစီအစဉ် (၂၀၂၅-၂၀၂၆) အကောင်အထည်ဖော်မှုကို ပိုမိုကောင်းမွန်အောင် ပူးပေါင်းဆောင်ရွက်ရန်နှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် ရန်ပုံငွေရရှိစေရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ကို စီအယ်လ်အမ်ဗွီအဆင့်မြင့်စီးပွားရေးအရာရှိများအား လမ်းညွှန်သည်။

စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာချိတ်ဆက်မှု တိုးတက်ကောင်းမွန်စေရန် ဗီယက်နမ်နိုင်ငံက ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့နှင့် ပူးပေါင်းကျင်းပသည့် ကုန်စည်ပြပွဲများ၏အရေးပါမှုကို အလေးပေးပြောကြားပြီး ထိုကုန်စည်ပြပွဲများမှတစ်ဆင့် ဒေသတွင်း စီးပွားရေးမိတ်ဖက်ဆက်ဆံရေးများနှင့် ဈေးကွက်အခွင့်အလမ်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်လွင်က စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှုမူဘောင် အကောင်အထည်ဖော်ရေးလုပ်ငန်း အစီအစဉ်နှင့်စပ်လျဉ်း၍ လွယ်ကူထိရောက်မှုရှိသည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားရန်နှင့်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အဓိကစိန်ခေါ်မှုဖြစ်သည့် ရန်ပုံငွေရရှိရေး နည်းလမ်းများကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ပံ့ပိုးမှုဖြင့် ရှာဖွေသွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် စီအယ်လ်အမ်ဗွီနိုင်ငံများအား စီးပွားရေး အလယ်အလတ်ရှိသောအဆင့်သို့ ရောက်ရှိစေရန် ရည်မှန်းရေးဆွဲထားသည့် စီအယ်လ်အမ်ဗွီဖွံ့ဖြိုးတိုးတက်မှုမူဘောင် အကောင်အထည်ဖော်ရေး လုပ်ငန်းအစီအစဉ်အတွက် ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများနှင့် လမ်းညွှန်ချက်များကို ဆွေးနွေး၍ အစည်းအဝေးတွင် အတည်ပြုကြသည်။

ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များက စီအယ်လ်အမ်ဗွီစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးကို ရည်မှန်း၍ အကောင်အထည်ဖော်လျက်ရှိသည့်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ပံ့ပိုးပါဝင်ဆောင်ရွက်မှုများသည် အရေးကြီးကြောင်းမှတ်တမ်းတင်ခဲ့သည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် (၁၇) ကြိမ်မြောက် စီအယ်လ်အမ်ဗွီစီးပွားရေးဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့သည်။ စီအယ်လ်အမ်ဗွီစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) နိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ဒေသခွဲနှင့်ဒေသတွင်းဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်း၊ ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းရေးလုပ်ငန်းစဉ်များနှင့် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး၏သဘောတူညီချက်များ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ်အတွက် အလှည့်ကျစီအယ်လ်အမ်ဗွီ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘာပတိတာဝန်ကို ဗီယက်နမ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်သည်။

**အမှာစကားပြောကြား**

မွန်းလွဲပိုင်းတွင် (၁၇) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများအစည်းအဝေး၏ ဆက်စပ်အစီအစဉ်အနေဖြင့် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရန် ရည်ရွယ်သည့် “ဗီယက်နမ်-မြန်မာစီးပွားရေး ချိတ်ဆက်မှုကွန်ဖရင့်”ကို Melia Hotel ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံမှ အစိုးရပုဂ္ဂလိကကိုယ်စားလှယ်များ၊ အထူးသဖြင့် ဆက်သွယ်ရေး၊ အိမ်ခြံမြေ၊ စက်မှုကုန်ထုတ်လုပ်ငန်း၊ တိရစ္ဆာန်အစာ၊ ကြက်သားပေါက်မွေးမြူရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍတို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထို့နောက် ဗီယက်နမ်နှင့်မြန်မာ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု စာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အလားအလာ၊ အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံမှ ကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## မိုင်းရှူးမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပ

**မိုင်းရှူး နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မိုင်းရှူးမြို့နယ် မီးသတ်စခန်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းထိုက်က အမှာစကားပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များအား သင်တန်းဆင်းလက်မှတ်ပေးအပ်သည်။ အဆိုပါသင်တန်းတွင် သင်တန်းသားများအား မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရေးအတွက် အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၇ ရက်ထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သန်းလှူ(ပြန်/ဆက်)**

## ကျုံမငေးမြို့အတွင်းရှိ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၇**

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ရှိ စွယ်တော်ဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညိုသည်။

**ကြည့်ရှုအားပေး**

အဆိုပါ ဘုရားပရိဝုဏ်အတွင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝါးခယ်မမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကျုံမငေးမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများမှ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ် ပျက်စီး/ ပျောက်ဆုံးသွားသူများနှင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူ ပြည်သူများကို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် စိစစ် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ရရှိရေးအတွက် ဥပဒေနှင့်အညီ စိစစ်ကာ One Stop Service ဖြင့် လုပ်ငန်းစဉ် အဆင့်အဆင့်ဆောင်ရွက်ပေးနေမှု အခြေအနေများကို လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ် ရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှု အခြေအနေများကို လည်းကောင်း လှည့်လည် ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်း၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီးနောက် One Stop Service ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID နံပါတ်ပါကတ်တို့ကို သက်ဆိုင်ရာ ကာယကံရှင်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂ္ဂလိကနှင့် ငှားရမ်း/ဖက်စပ်/အကျိုးတူဆောင်ရွက်နေသည့် စက်ရုံများ ထုတ်လုပ်မှုတိုးတက်စေရေး ဆက်လက်ဆောင်ရွက်သင့်သည့် မူဝါဒချမှတ်ရန်နှင့် အစီအစဉ်များရေးဆွဲရေး အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

ပုဂ္ဂလိကနှင့် ငှားရမ်း/ ဖက်စပ်/ အကျိုးတူ ဆောင်ရွက်နေသည့် စက်ရုံများထုတ်လုပ်မှု တိုးတက် စေရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့် မူဝါဒချမှတ်ရန်နှင့် ဆောင်ရွက်ရမည့်အစီအစဉ်များ ရေးဆွဲရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဗဟိုဘဏ် အဖွဲ့ဝင် စီးပွားရေးပညာရှင် ဒေါက်တာဇော်ဦး၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ စက်မှုဝန်ကြီးဌာနမှ ပုဂ္ဂလိကသို့ ငှားရမ်းထားသည့်စက်ရုံများမှ တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဈေးကွက်စီးပွားရေးစနစ်အရ ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ စက်ရုံများအနက် ပုဂ္ဂလိကသို့ ငှားရမ်းထားသော စက်ရုံများ၊ ဖက်စပ်လုပ်ငန်းနှင့် အကျိုးတူစနစ်ဖြင့် လည်ပတ်နေသော စက်ရုံများ၏ ကုန်ထုတ်လုပ်မှုစွမ်းအားသည် အရေးပါသော အခန်းကဏ္ဍတစ်ရပ် အဖြစ်ပါဝင်ကြောင်း၊ နိုင်ငံပိုင်စက်ရုံများကို အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အသွင်သဏ္ဌာန်ဖြင့် ဖော်ဆောင်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းများ၏ အလုပ်အကိုင်တည်ငြိမ်မှုကို ထိန်းသိမ်း တည့်မတ်ပေးနိုင်ခဲ့ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံပိုင်စက်ရုံများကို စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းစဉ်တစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စက်ရုံများ ရင်ဆိုင်ကြုံတွေ့နေရသော စီးပွားရေးနှင့်လုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများ၊ အားနည်းချက်၊ အားသာချက်များကို မှန်ကန်စွာ ပြန်လည်သုံးသပ်ပြီး လာမည့်ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် အားနည်းချက်များကို လျှော့နည်းအောင်၊ အားသာချက်များကို ပိုမိုရရှိအောင် ဆက်လက်ကြိုးစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယနေ့ အစည်းအဝေးမှ ဆွေးနွေးရရှိသည့် အချက်အလက်များသည် ပုဂ္ဂလိကနှင့်အစိုးရကဏ္ဍတို့ပူးပေါင်း၍ စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုနှင့် စီးပွားရေးတန်ဖိုး တိုးတက်မှုကို မြှင့်တင်နိုင်မည့် ထိရောက်သောမူဝါဒနှင့် အကောင်အထည်ဖော်ရေး အစီအစဉ်တစ်ရပ်ကို ရေးဆွဲနိုင်မည်ဟု ယုံကြည်ပါကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစိုးရ တာဝန်ယူသည့် လေးနှစ်ခွဲကာလအတွင်း စက်မှုဝန်ကြီးဌာန၏ နှစ်အလိုက် ထုတ်လုပ်မှု၊ ရောင်းချဖြန့်ဖြူးမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ တိုးတက်ဆောင်ရွက်နိုင်ခဲ့မှု၊ MSME များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခဲ့မှု၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ စက်မှုလုပ်ငန်းများကို စစ်ဆေးကြီးကြပ်ခြင်းများဆောင်ရွက်ခဲ့မှုနှင့် အသိပညာပေးဆွေးနွေးပွဲများကျင်းပခဲ့မှု၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေများရေးဆွဲနေမှု၊ ပုဂ္ဂလိကစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်စက်ရုံများကို ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဖော်ဆောင်နေမှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုဘဏ်အဖွဲ့ဝင်၊ စက်မှုလုပ်ငန်းများမှ တာဝန်ရှိသူများက စက်မှုဝန်ကြီးဌာနနှင့် ငှားရမ်း၊ ဖက်စပ်၊ အကျိုးတူဆောင်ရွက်နေသည့် စက်ရုံများ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာများ၊ ဆွေးနွေးပွဲ၏ရည်ရွယ်ချက်နှင့် မျှော်မှန်းချက်များ၊ စက်ရုံများ ရင်ဆိုင်ကြုံတွေ့နေရသည့် စီးပွားရေးနှင့် လုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများကို ဆွေးနွေးတင်ပြရာ တက်ရောက်လာသည့် လုပ်ငန်းရှင်များက ထပ်ဆင့်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် စက်ရုံများ ရင်ဆိုင်ကြုံတွေ့နေရသည့် စီးပွားရေး၊ လုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများနှင့်စပ်လျဉ်း၍ အုပ်စုခြောက်စုခွဲ၍ စားပွဲဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ အုပ်စုအလိုက် ဆွေးနွေးရရှိခဲ့သည့် စိန်ခေါ်မှုများ၊ ဖြေရှင်းဆောင်ရွက်ရမည့် အကြံပြုချက်များကို ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက ထပ်ဆင့်ဝိုင်းဝန်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဆိုင်ရာကောင်စီအစည်းအဝေးနှင့် ဝန်ကြီးများအဆင့်ညီလာခံ ၂၀၂၅ သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၇**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဟိုင်နန်မြို့၌ ကျင်းပလျက်ရှိသည့် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဆိုင်ရာကောင်စီ အစည်းအဝေးနှင့် ဝန်ကြီးများအဆင့် ညီလာခံ ၂၀၂၅ သို့ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဆက်လက်တက်ရောက်သည်။




**အမှာစကားပြောကြား**

နိုဝင်ဘာ ၆ ရက်မွန်းလွဲပိုင်းတွင် ဝန်ကြီးများအဆင့် ညီလာခံဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Zhang Guoqing က ညီလာခံတက်ရောက်လာကြသည့် ဝန်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရပ်ဝန်းနှင့်ပိုးလမ်းမနိုင်ငံများမှ ဝန်ကြီးများက နိုင်ငံအလိုက် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဆိုင်ရာ မိန့်ခွန်းများ ပြောကြားကြသည်။ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနှင့် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဆိုင်ရာပဋိညာဉ်ကို ကမ္ဘာလုံးဆိုင်ရာ မူဘောင်များဖြစ်သည့် ရေရှည် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (Sustainable Development Goals- SDGs) နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်တို့နှင့်အညီ ရေးဆွဲထားပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံသည်လည်း အခြားသောအဖွဲ့ဝင်နိုင်ငံများနည်းတူ လိုက်ပါဆောင်ရွက်လျက်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီး တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရှာဖွေ ကယ်ဆယ်ရေးအဖွဲ့များနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့များလာရောက်ကူညီ ဆောင်ရွက်ပေးသကဲ့သို့ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် အိမ်ရာများ၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ အပါအဝင် ဘက်စုံ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေး၊ ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး ဆောင်ရွက်ရာတွင် ခေတ်မီနည်းပညာရပ်များ၊ AI နည်းပညာများ ပိုမိုအသုံးချဆောင်ရွက်နိုင်ရန် ကြိုးစားဆောင်ရွက် လျက်ရှိပါကြောင်း ထည့်သွင်း ပြောကြားခဲ့သည်။ အစည်းအဝေးအပြီးတွင် ဝန်ကြီးများအဆင့်ညီလာခံ၏ ပူးတွဲထုတ်ပြန်ချက်ကို အတည်ပြုထုတ်ပြန်ခဲ့ကြသည်။

ယနေ့ နံနက်ပိုင်းတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု (Disaster management)၊ လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေး (Work Safety)နှင့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေး (Emer - gency Rescue) ဟူသည့် ခေါင်းစဉ်သုံးခုဖြင့် ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးသည် အရေးပေါ်ရှာဖွေကယ်ဆယ်ရေး (Emer-gency Rescue) ခေါင်းစဉ်ဖြင့် ကျင်းပသည့် အစည်းအဝေးသို့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အရေးပေါ်စီမံခန့်ခွဲမှု ဝန်ကြီးဌာန၏ဖိတ်ကြားချက်အရ တက်ရောက်မိန့်ခွန်းပြောကြားသည်။

**ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးက အရေးပေါ်ရှာဖွေကယ်ဆယ်ရေး(Emer-gency Rescue)သည် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုတွင် အဓိကကျသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လတွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီး၏ အတွေ့အကြုံများကို မျှဝေခွင့်ရရှိသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စနစ်ကျသော ဖွဲ့စည်းမှုတို့ရှိပြီးဖြစ်၍ မန္တလေးငလျင်ကြီးတွင် ငလျင်လှုပ်ခတ်ပြီး အချိန်တိုအတွင်း နိုင်ငံတော်အကြီးအကဲ၏ ဖိတ်ခေါ်မှုအရ တရုတ်နိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ လာရောက်၍ ငလျင်ဘေးသင့် ဒေသများတွင် အရေးပေါ် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှု အပါအဝင် ငလျင်ဘေးတုံ့ပြန်ရေး ဆောင်ရွက်ချက်များ၊ အာဆီယံဒေသတွင်း သဘာဝဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး လေ့ကျင့်ခန်းများတွင် ပါဝင်လေ့ကျင့်ဆောင်ရွက်ခြင်းနှင့် အဆင့်မြင့်နည်းပညာများအသုံးပြု၍ လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ထည့်သွင်းပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသော ဝန်ကြီးများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ခေါင်းစဉ်များအလိုက် ဆက်လက်ဆွေးနွေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❂ ကျောဖုံးမှ

အဓိက သွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားကြီးများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ Drop Bomb ချတိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြသဖြင့် ၎င်းတို့ရောက်ရှိရာ ဒေသများရှိ ပြည်သူလူထုများသည် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားဘဝများ အဘက်ဘက်မှ နိမ့်ကျလျက်ရှိသည်။

ထို့ပြင် CRPH၊ NUG ပြည်ဖျက်အကြမ်းဖက် အဖွဲ့များနှင့် ၎င်းတို့လက်ဝေခံ PDF အမည်ခံ အကြမ်းဖက် အဖွဲ့များသည် တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသကို ဆက်သွယ်ပေးထားပြီး နိုင်ငံ၏ ကုန်စည်ကူးသန်းမှုနှင့် လမ်းပန်းဆက်သွယ်မှု အချက်အချာတစ်ခုဖြစ်သည့် မန္တလေးမြို့ကို သိမ်းပိုက်နိုင်ရေးသည်လည်း ၎င်းတို့၏ စိတ်ကူးယဉ် စစ်ရေးအိပ်မက်ထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။

ထို့ကြောင့် အညာဒေသတွင် ရိုးသားစွာ နေထိုင်လုပ်ကိုင်စားသောက်နေကြသည့် ပြည်သူများအား ဒီမိုကရေစီအရေးနှင့် ဒေသကောင်းစားရေးဟု နိုင်ငံရေးမက်လုံးများဖြင့် စည်းရုံးသိမ်းသွင်းကာ အကြမ်းဖက်သင်တန်းများပို့ချပေးပြီး MDY–PDF အမည်ခံ အကြမ်းဖက်သမားများ အဖြစ်မွေးထုတ်ပေးကာ မြို့၊ ရွာများတွင် တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ လုံခြုံရေးအားနည်းသော တပ်စခန်းငယ်များကို အင်အားအလုံးအရင်းအသုံးပြု၍ တိုက်ခိုက်ခြင်း၊ နိုင်ငံ့အကျိုးပြု စက်ရုံ၊ အလုပ်ရုံများအား တိုက်ခိုက်ခြင်းများ လုပ်ဆောင်လာကြရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျည်တစ်တောင့် လူတစ်ယောက်ကျန်သည်အထိ တိုက်ရဲသည့် စိတ်ဓာတ်၊ လှေခွက်ချည်းကျန် အလံမလဲသည့် စိတ်ဓာတ်များဖြင့် အသက်ကို ပဓာနမထားဘဲ ရဲရဲဝံ့ဝံ့ဖြင့် ပြန်လည်ခုခံ တွန်းလှန်ခဲ့ကြသော်လည်း အကြမ်းဖက်သမားများ အနေဖြင့် အတင်းအဓမ္မ ခြိမ်းခြောက် လူသစ်စုဆောင်းခြင်းဖြင့် ရရှိလာသော သာလွန်အင်အား




တပ်မတော်စစ်ကြောင်းများက ဆည်တော်ကြီးရေလှောင်တမံအား ပြန်လည်ထိန်းချုပ်ခြင်း။

များဖြင့် ဒေသခံပြည်သူလူထုအား လူသားတံတိုင်းအဖြစ်အသုံးချ၍ တိုက်ခိုက်လာခြင်း တို့ကြောင့် လုံခြုံရေးတပ်ဖွဲ့များ ထိခိုက်၊ ကျဆုံး၊ ဒဏ်ရာရရှိမှု များပြားလာကာ ပြည်သူလူထု၏ နေအိမ်များ၊ နိုင်ငံ့အကျိုးပြု စက်ရုံ၊ အလုပ်ရုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးတို့အတွက် စစ်နည်းဗျူဟာမြောက် ကြားခံစစ်အဆင့်ဆင့်ဖြင့် စနစ်တကျ ဆုတ်ခွာပေးခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများက မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆည်တော်ကြီးကျေးရွာ အပါအဝင် ၎င်းဒေသ တစ်ဝိုက်ရှိ နယ်မြေခံ တပ်ဌာနချုပ်၊ ဆည်တော်ကြီး ရေလှောင်တမံနှင့် နိုင်ငံ့အကျိုးပြု အယ်လ်ဖာ ဘိလပ်မြေစက်ရုံ၊ ဖယောင်းတောင် သတ္တုတွင်း နေရာတို့အား ခေတ္တထိန်းချုပ်ခဲ့ကြသည်။

သို့ဖြစ်ပါ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ထားသော ဆည်တော်ကြီးကျေးရွာ အပါအဝင် ဆည်တော်ကြီး ရေလှောင်တမံနှင့် နိုင်ငံ့အကျိုးပြု စက်ရုံ၊ အလုပ်ရုံတို့အား ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြင့် ပြန်လည်ရရှိရေးအတွက် စီမံချက်များ အဆင့်ဆင့်ရေးဆွဲပြီး စစ်ကြောင်းများခွဲ၍ ပစ်ခတ်မှုနှင့် စစ်ကစားမှုကို ဟန်ချက်ညီညီ ပေါင်းစပ်ပြီး ချေမှုန်းခဲ့ရာ ၂၀၂၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ဖယောင်းတောင် သတ္တုတွင်း ဒေသတစ်ဝိုက်အား လည်းကောင်း၊ ဩဂုတ် ၂၈ ရက်တွင် အယ်လ်ဖာဘိလပ်မြေစက်ရုံကို လည်းကောင်း ပြန်လည်တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ပြီး အကြမ်းဖက်သမားများအနေဖြင့် ထိခိုက်ကျဆုံးမှု များစွာဖြင့် မတ္တရာဒေသ မြောက်ဘက်ခြမ်းသို့ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားကြသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများ အနေဖြင့် တိုက်စစ်အဟုန်မြှင့်တင်၍ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသော နယ်မြေများ ပြန်လည်ရရှိရေးအတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ အသေးစိတ်ဆောင်ရွက်ခဲ့ပြီး **စာမျက်နှာ ၁၄ သို့ »»**



တပ်မတော်စစ်ကြောင်းများက PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များ ခေတ္တထိန်းချုပ်ခဲ့သည့် နယ်မြေခံတပ်ရင်းအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





တပ်မတော်စစ်ကြောင်းများက PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များ ခေတ္တထိန်းချုပ်ခဲ့သည့် ကျေးရွာများအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





ဆည်တော်ကြီးရေလှောင်တမံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဝန်းကျင်ဒေသအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ဆည်တော်ကြီးရေလှောင်တမံအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ဆည်တော်ကြီးရေလှောင်တမံအား ဖောက်ခွဲဖျက်ဆီးရန် PDF အမည်ခံ အကြမ်းဖက်သမားများ ဆည်တမံပေါင်ပေါ်တွင်ထောင်ထားသည့် မိုင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေသည့် မှတ်တမ်းဓာတ်ပုံ။



ဆည်တော်ကြီးရေလှောင်တမံအား ဖောက်ခွဲဖျက်ဆီးရန် PDF အမည်ခံ အကြမ်းဖက်သမားများ ရေထိန်းတံခါးများပေါ်တွင် ထောင်ထားသည့် မိုင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေသည့် မှတ်တမ်းဓာတ်ပုံ။



ဆည်တော်ကြီးရေလှောင်တမံအား ဖောက်ခွဲဖျက်ဆီးရန် PDF အမည်ခံ အကြမ်းဖက်သမားများ ရေထိန်းတံခါးများအနီးတွင် ထောင်ထားသည့် မိုင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေသည့် မှတ်တမ်းဓာတ်ပုံ။



ဆည်တော်ကြီးရေလှောင်တမံအား ဖောက်ခွဲဖျက်ဆီးရန် PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားခဲ့သည့် မိုင်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။





PDF အမည်ခံအကြမ်းဖက်သမားများက ဆည်တော်ကြီးရေလှောင်တမံဝန်းကျင်နှင့် ရေထိန်းတမံတွင် အကာအကွယ်ဘန်ကာများ ပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။





ဆည်တော်ကြီးရေလှောင်တမံနှင့် ဝန်းကျင်ဒေသတစ်ဝိုက်အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်စဉ်PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။









ဆည်တော်ကြီးရေလှောင်တမံနှင့် ဝန်းကျင်ဒေသတစ်ဝိုက်အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်စဉ်PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် ရန်သူ့အလောင်းများကို တွေ့ရစဉ်။

»»» **စာမျက်နှာ ၁၃ မှ**

၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှစတင်၍ အကြမ်းဖက် ချေမှုန်းရေး စစ်ဆင်ရေးအား ဆက်လက် ဆောင်ရွက်ခဲ့ရာ ဆည်တော်ကြီး ရေလှောင်တမံ၏ အရှေ့ဘက် သပြေဒိုးမှ စစ်ကြောင်းတစ်ကြောင်း၊ သံဘိုမှ စစ်ကြောင်း တစ်ကြောင်း၊ ဆည်တော်ကြီး ရေလှောင်တမံ၏ တောင်ဘက်အယ်လ်ဖာဘိလပ်မြေ စက်ရုံအနီးရှိ စခန်းသာ–ကြာပင်–သန်းကုန်းမှ စစ်ကြောင်း တစ်ကြောင်း၊ စခန်းသာ – သဖန်းကိုင်း – တံတားကုန်းမှ စစ်ကြောင်း တစ်ကြောင်း၊ ဆည်တော်ကြီး ရေလှောင်တမံ၏ အနောက် တောင်ဘက် ကျောက်တံတား– မြောင်းသစ် – ရုံးပင် – အထက် တောင်ကိုင်းမှ အထောက်အကူပြု စစ်ကြောင်း တစ်ကြောင်း စသည့် စစ်ကြောင်း ငါးကြောင်းဖြင့် တန်ပြန်တိုက်စစ်အား အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။ အကြမ်းဖက်သမားများ အနေဖြင့်လည်း ၎င်းတို့ခေတ္တထိန်းချုပ်ထားသည့် မြို့၊ ရွာများ၊ ရေလှောင်တမံတို့အား လက်မလွှတ်ရရေး ပြည်သူလူထု၏ လူနေအိမ် အဆောက်အအုံများ၊ ဆည်တော်ကြီးဆည်၏ ရေထိန်းတံခါးများ၊ ရေလွှဲဆည်များကို အကာအကွယ် ရယူ၍လည်းကောင်း၊ ရေထိန်းတမံနှင့် ပတ်ဝန်းကျင်တွင် ကွန်ကရစ်ဘန်ကာများ၊ မြေခွေးကျင်းများနှင့် ဆက်သွယ်ရေးမြောင်းများကို တည်ဆောက်၍ လည်းကောင်း အခိုင်အမာခံစစ်ဆင်ပြန်လည်ခုခံခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဒေသခံပြည်သူများ၏ အပြည့်အဝ အားပေးထောက်ခံမှု၊ တိုက်ပွဲဝင် အရာရှိစစ်သည်များ၏ စိတ်ဓာတ် တက်ကြွ၍ တိုက်လိုခိုက်လိုစိတ် ပြင်းပြမှု၊ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယရှိမှု၊ စနစ်တကျ ရေးဆွဲထားသော စီမံချက် ကောင်းမွန်မှုတို့ဖြင့် အဆိုပါ ဆည်ကြီးရှိ အဆောက်အအုံများ၊ စက်ပစ္စည်း ကိရိယာများနှင့် ဆည်မြောင်းတာတမံ ရေထိန်း တံခါးများ ထိခိုက်ပျက်စီးမှုမရှိစေရေး ကန့်သတ်ချက်များကြားမှ ထိန်းထိန်းသိမ်းသိမ်းဖြင့် တိုက်စစ်ဆင်ခဲ့ရာ နိုဝင်ဘာ ၇ ရက် ယနေ့ မွန်းလွဲပိုင်းတွင် ဆည်တော်ကြီး ရေလှောင်တမံနှင့် နယ်မြေခံ တပ်ဥာနချုပ် ပတ်ဝန်းကျင် အားလုံးကို ပြန်လည်တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သည်။

ထိုသို့ ပြန်လည်တိုက်ခိုက် သိမ်းပိုက်ခဲ့ရာ စစ်ဆင်ရေးကာလ ၁၉ ရက်အတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီးငယ် (၄၂)ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ ထံမှ အလောင်း ၁၄ လောင်း၊ လက်နက်မျိုးစုံ ၆၀ နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

အဆိုပါ ဆည်တော်ကြီး ရေလှောင်တမံသည် မန္တလေး တိုင်းဒေသကြီး မတ္တရာမြို့နယ် စလေကျေးရွာအုပ်စု ဆည်တော်ကြီး ရွာအနီးတွင် တည်ရှိပြီး မန္တလေးမြို့ ရေပေးဝေရေး၊ မတ္တရာဒေသနှင့် မန္တလေးပတ်ဝန်းကျင်ဒေသတွင်း စိုက်ပျိုးရေပေးဝေရေး၊ ရေအား လျှပ်စစ်ထုတ်လုပ်ရေးတို့အတွက် ရည်ရွယ်ဆောက်လုပ်ထားသည့် တာတမံဖြစ်ပြီး ၁၉၇၆ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ရာ ၁၉၈၇ ခုနှစ်တွင် အောင်မြင်စွာ ပြီးစီးခဲ့သည့် မြေသား၊ ကွန်ကရစ်၊ ကျောက်ဖြည့် တမံအမျိုးအစား ဖြစ်ကာ တမံအလျား ပေ ၄၁၂၀၊ တမံအမြင့် ၁၃၃ ပေနှင့် တမံထိပ် အကျယ် ပေ ၂၀ ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏ အနေဖြင့် ဧကပေ ၃၆၃၀၀၀ ရှိပြီး အကျိုးပြု ရေလှောင်ပမာဏမှာ ဧကပေ ၂၇၉၀၀၀ ရှိသည်။ ယင်းအပြင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့၊ ရွာများအတွက် ဆည်ရေ ပေးဝေနိုင်သည့် လယ်မြေဧက ၁၂၇၀၀၀ ကို စိုက်ပျိုးရေဖြန့်ဖြူး ပေးနိုင်ကြောင်း သိရသည်။ ထို့ပြင် ဆည်တော်ကြီး ရေလှောင်တမံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု အနေဖြင့် စက်တပ်စွမ်းအား ၂၅ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှု နာရီ သန်းပေါင်း ၁၃၄ ကီလိုဝပ်ကို လည်း ထုတ်လုပ်ပေးသဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်။

PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ အနေဖြင့် ဆည်တော်ကြီး ရေလှောင်တမံအား ထိန်းချုပ်ထားစဉ်အတွင်း ပြည်သူများ၏ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေရရှိရေးများ အတွက် ထောက်ထားငဲ့ညှာမှု မရှိဘဲ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက်သာ လိုအပ်သလိုအသုံးချခဲ့ပြီး ရေထိန်းတံခါးများအား ဖွင့်ခြင်း/ပိတ်ခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် ကျိုးရေလျော့နည်းကာ မန္တလေးမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာနေ ပြည်သူများ သောက်သုံးရေ ဖူလုံစွာမရရှိခြင်း၊ စိုက်ပျိုးရေ ဖူလုံစွာမရရှိခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄–၂၀၂၅ ခုနှစ် မိုးရာသီတွင် မိုးစပါး ၇၄၂၄၉ ဧကအတွက် စိုက်ပျိုးရေပေးဝေရန် လျာထားခဲ့သော်လည်း ၃၀၅၉၂ ဧကကိုသာ စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးမြေဧက ၄၃၆၅၇ ဧက နစ်နာဆုံးရှုံးခဲ့ရသည်။

ထို့အတူ ၂၀၂၄–၂၀၂၅ ခုနှစ် နွေရာသီတွင် နွေစပါးနှင့် အခြား သီးနှံ ၇၃၁၄၅ ဧက ကို စိုက်ပျိုးရေ ပေးဝေရန် လျာထားခဲ့သော်လည်း ၃၂၂၆၉ ဧကကိုသာ စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ၄၀၈၇၆ ဧက နစ်နာဆုံးရှုံးခဲ့ရသည်။

အလားတူ ယခုနှစ် ၂၀၂၅–၂၀၂၆ ခုနှစ် မိုးစပါးနှင့် အခြားသီးနှံ ၈၀၁၁၁ ဧကကို စိုက်ပျိုးရေပေးရန် လျာထားပြီး အောက်တိုဘာ ၈ ရက်အထိ စုစုပေါင်း ၄၉၀၄၈ ဧကကိုသာ စိုက်ပျိုးခဲ့ရ၍ စိုက်ပျိုးမြေဧက စုစုပေါင်း ၃၁၀၆၃ ဧက နစ်နာဆုံးရှုံးခဲ့သည်။

ထို့ပြင် ဆည်တော်ကြီး ရေလှောင်တမံမှ စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်ရန် အတွက် ဆောင်ရွက်ဆဲဖြစ်သည့် "ရေနံ့သာ မြောင်း၏ လက်ယာဘက်တွင်လည်း ရေပေးမြောင်း အသစ်ဖောက်လုပ်၍ စိုက်ပျိုးမြေ ဧက ၁၂၀၀၀ အား တိုးချဲ့ရေပေးဝေနိုင်ရေးအတွက် ရေထုတ်ပြွန်နှင့် ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်း" စီမံကိန်းမှာလည်း အကြမ်းဖက်လုပ်ရပ်များကြောင့် ရပ်ဆိုင်းခဲ့ရသဖြင့် ဒေသခံ တောင်သူများ၏ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုကို ထိခိုက်လျော့နည်းစေခဲ့ပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် များစွာနစ်နာဆုံးရှုံးခဲ့ရကာ ဆင်းရဲဒုက္ခများ ပိုမိုခံစားခဲ့ရသည်။ **စာမျက်နှာ ၁၅ သို့** »»»

# PDF အမည်ခံ အကြမ်းဖက်သမားများက သရက်မြို့ သရက်-ကံမလမ်း ပါးပွတ်ကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးအား မိုင်းဆွဲတိုက်ခိုက်၊ အပြစ်မဲ့အရပ်သားပြည်သူ နှစ်ဦး မီးလောင်သေဆုံး

နေပြည်တော် နိုဝင်ဘာ ၇

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန် အတွက် အကြမ်းဖက်မှုလုပ်ရပ်များကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင် လျက်ရှိကြရာ နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး သရက်မြို့ရှိ သရက်-ကံမကားလမ်းအတိုင်း အရပ်သားပြည်သူများ မောင်းနှင်လာသည့်ယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်ရှိ အပြစ်မဲ့ပြည်သူ အမျိုးသား နှစ်ဦး မီးလောင်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့နေ ဦးကျော်လွင် (၄၅)နှစ် မောင်းနှင်၍ သရက်မြို့နေ ဦးခင်မောင်ဦး (၅၈)နှစ် လိုက်ပါလာသည့် Toyota Hilux Double Cab အမျိုးအစား ယာဉ်အမှတ် 4S/--------- သည် နိုဝင်ဘာ ၆ ရက် နံနက် ၆ နာရီခွဲခန့်တွင် သရက်မြို့၏ အနောက်တောင်ဘက်မိုင် ၁၈၀၀၀ ခန့်အကွာရှိ သရက်-ကံမ လမ်းအတိုင်း မောင်းနှင်လာစဉ် ပါးပွတ်ကျေးရွာလမ်းပေါက်အနီးသို့အရောက်၌ PDF အမည်ခံ အကြမ်း ဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်မီးလောင်၍ ယာဉ်ပေါ်ပါ အရပ်သားပြည်သူ အမျိုးသား



PDF အမည်ခံ အကြမ်းဖက်သမားများက သရက်မြို့ သရက်-ကံမလမ်း ပါးပွတ်ကျေးရွာအနီး၌ ယာဉ်တစ်စီးအား မိုင်းဆွဲတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူ နှစ်ဦး မီးလောင်သေဆုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။



နှစ်ဦးမှာ မီးလောင်သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာ လမ်းကြောင်းတစ်လျှောက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေးအတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လုံခြုံရေး လုပ်ငန်းများ ဆက်လက်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

သတင်းစဉ်



ဆည်တော်ကြီး ရေလှောင်တမံနှင့် ဝန်းကျင်ဒေသတစ်ဝိုက်အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်စဉ် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် ရန်သူ့အလောင်းကို တွေ့ရစဉ်။









ဆည်တော်ကြီး ရေလှောင်တမံနှင့် ဝန်းကျင်ဒေသတစ်ဝိုက်အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်စဉ် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ များထံမှ သိမ်းဆည်းရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

»» စာမျက်နှာ ၁၄ မှ

PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များ အနေဖြင့်ဆည်တော်ကြီးရေလှောင် တမံအား ထိန်းချုပ်ထားစဉ် အတွင်း ရေလှောင်တမံကြီး၏ ရေပေးဝေမှုကို ထိန်းချုပ်ထားခဲ့ သလို ရေလှောင်တမံကြီး၏ ဆည်ရေပိုလွှဲရေတံခါး အဖွင့်/ အပိတ်မောင်းခလုတ်၊ ဆည်တမံ ပေါင်နှင့် ရေထိန်းတံခါးတို့အား မိုင်းထောင်၍ ဖောက်ခွဲဖျက်ဆီး ရန် ယုတ်မာရိုင်းစိုင်းစွာဖြင့် လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိခဲ့ရ သည်။ ထိုသို့ အကြမ်းဖက် သောင်းကျန်းသူများက အဆိုပါ နေရာများအား မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့ပါက ဆည်ရေ သောက်စနစ်ဖြင့် နေ့စဉ်ဖြန့်ဖြူး ပေးနေသည့် စိုက်ပျိုးရေဧရိယာ အတွင်းရှိ စိုက်ပျိုးမြေများနှင့် ဒေသခံပြည်သူများ၏ အိုးအိမ်များ ရေလွှမ်းမိုး၍ ပျက်စီးခြင်းများ ကြုံတွေ့ရမည်ဖြစ်ပြီး လျှပ်စစ် ဓာတ်အား ထုတ်လွှတ်နိုင်မှုမှာ လည်း ပျက်စီးဆုံးရှုံး၍ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာ စေမည်ဖြစ်သည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် ယခုကဲ့သို့ အကြမ်းဖက် သမားများ၏ဆည်ရေပိုလွှဲရေတံခါး အဖွင့်/အပိတ် မောင်းခလုတ်၊ ဆည်တမံပေါင်နှင့် ရေထိန်း တံခါးတို့အား မိုင်းထောင်၍ ဖောက်ခွဲဖျက်ဆီးရန် ယုတ်မာ ရိုင်းစိုင်းသည့် လုပ်ရပ်များအား လက်မတင် အချိန်မီတားဆီး ထိန်းချုပ်နိုင်ခဲ့ခြင်းကြောင့် ဆည် တမံပျက်စီးခြင်းမှ ကာကွယ်နိုင် ခဲ့သည့်အပြင် ဒေသနှင့်ဒေသတွင်း နေထိုင်ကြသူများ၏ အကျိုးစီးပွား ပျက်စီးခြင်းမှ ကာကွယ်ပေးနိုင်ခဲ့ပြီး ဒေသတွင်း တည်ငြိမ်အေးချမ်း ရေးလုပ်ငန်းများကို လုပ်ဆောင် နိုင်ခဲ့ပြီဖြစ်သည်။

**တိုးမြှင့်ဆောင်ရွက်**

ယခုအခါ ဆည်တော်ကြီး ရေလှောင်တမံနှင့် ဝန်းကျင်ဒေသ အား မိမိတပ်မတော်က ပြန်လည် ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ရေထိန်းတံခါးများအား ပုံမှန် အချိန်အတိုင်း စနစ်တကျ ဖွင့်/ ပိတ်ခြင်း၊ ရေထိန်းရေလှောင်ခြင်း၊ ရာသီအလိုက်စနစ်တကျရေပေးဝေ ခြင်း၊ ရေလွှတ်ခြင်းများဆောင်ရွက် ပြီး ဒေသခံပြည်သူများအတွက် လျှပ်စစ်မီးများ၊ သောက်သုံးရေ များ၊ စိုက်ပျိုးရေများဖူလုံစွာရရှိ အောင် ဆောင်ရွက်နိုင်မည်ဖြစ် သည့်အားလျော်စွာ ဒေသတွင်း လမ်းပန်း ဆက်သွယ်ရေးများ၊ ဒေသခံပြည်သူများ၏ အလုပ် အကိုင် အခွင့်အလမ်းများလည်း ပြန်လည် ဖော်ဆောင်ပေးနိုင်တော့ မည်ဖြစ်ကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်တိုးမြှင့် ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





ဆည်တော်ကြီး ရေလှောင် တမံနှင့် ဝန်းကျင်ဒေသ တစ်ဝိုက်အား ပြန်လည် တိုက်ခိုက်သိမ်းပိုက်စဉ် PDF အမည်ခံ အကြမ်းဖက်သောင်း ကျန်းသူများထံမှ သိမ်းဆည်း ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရ စဉ်။

# အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်  နိုဝင်ဘာ ၇

**အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးသိန်းကြည်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများ ခင်ဗျာ**

မိမိတို့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ ကျင်းပတဲ့ ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ပါဝင်ဆင်နွှဲဖို့ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ စတင်တည်ထောင်ခဲ့သူများကတော့ ဦးတင်ထွန်းမောင်(ရုပ်ရှင်မင်းသားဒွေးဖခင်) မင်္ဂလာဒုံမဲဆန္ဒနယ်၊ ဦးကြည်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)၊ ဦးမြလှိုင် (တွံတေးမဲဆန္ဒနယ်)၊ ဦးလှစိုး(မင်ဘူးမဲဆန္ဒနယ်)၊ ဦးတင်ဝင်း(ကျိုက်လတ်မဲဆန္ဒနယ်)၊ ဦးသိန်းကြည်(တောင်တွင်းကြီးမဲဆန္ဒနယ်)နှင့် ငြိမ်းချမ်းရေးနှင့် တိုးတက်ရေးအဖွဲ့အပါအဝင် နိုင်ငံရေးအင်အားစု(၉)စု ပူးပေါင်းဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ယခုအခါမှာ မိမိတို့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ၏ ဥက္ကဋ္ဌတာဝန်ကို ဦးသိန်းကြည်က ဆက်လက်ထမ်းဆောင်လျက်ရှိပါတယ်။

မိမိတို့ပါတီဟာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲများတွင် အစဉ်အဆက်ပါဝင်ခဲ့ခြင်းဖြင့် ရွေးကောက်ပွဲလမ်းစဉ်နှင့် ဒီမိုကရေစီစနစ်အပေါ် မသွေဖည်ဘဲ ဆတက်ထမ်းပိုးတိုးတက်အောင်မြင်ရန် ကျရာနေရာမှ တိုင်းပြည်အတွက် ဆောင်ရွက်ခဲ့ပါတယ်။

ယခုကျင်းပမည့် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်မည့် နေရာများကတော့ တိုက်ကြီးမြို့နယ်မှ ဦးကျော်ကျော်ဟန်၊ တောင်ဥက္ကလာပမြို့နယ်မှ ဦးဉာဏ်လင်းအောင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဦးအောင်မျိုးမင်းနှင့် တာမွေမြို့နယ်မှ ဦးသိန်းကြည်တို့က ပြည်သူ့လွှတ်တော်(၄)နေရာအား ကိုယ်စားပြုပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို ရှင်သန်အောင်မြင်စေရန်အတွက် မိမိတို့ပါတီအနေနဲ့ ပါဝင်ဆင်နွှဲရခြင်းဖြစ်ပါတယ်။

မိမိတို့ပါတီရဲ့ ဆောင်ပုဒ်(Motto) ကတော့

ငြိမ်းချမ်းရေးသည် ပထမ

ဒီမိုကရေစီရေးသည် အဓိက

ပြည်သူ့ဘဝတိုးတက်ပြောင်းလဲရေးသည် ပဓာန ဖြစ်ပါတယ်။

ငြိမ်းချမ်းရေး မရှိရင် ဒီမိုကရေစီမရှိဘူး။

ဒီမိုကရေစီမရှိရင် ပြည်သူ့ဘဝလုံခြုံရေး၊ စားဝတ်နေရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပျက်စီးခြင်းနှင့် ကြုံတွေ့ခံစားနေရသည်ကို ယခုတိုင်းပြည်ကြုံတွေ့နေရသော အခြေအနေများက သက်သေခံလျက် မြင်တွေ့နေရပါတယ်။

ဒါကြောင့် မိမိတို့ ပါတီအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် (Peace Process) တွင် သမ္မတကြီး ဦးသိန်းစိန် လက်ထက်ကစ၍ ယနေ့တည်ဆဲအစိုးရလက်ထက်တိုင်အောင် အစဉ်အဆက် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါတယ်။

"လူ့သက်တမ်းကတိုပြီး သမိုင်းဖြစ်စဉ်က ရှည်လျားတယ်"ဆိုတဲ့ ဆိုရိုးတစ်ခုရှိခဲ့ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာမှ အစိုးရတစ်ရပ်၊ လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့စည်းတစ်ရပ်ကသာ ဆောင်ရွက်ရမှာ မဟုတ်ဘဲ ငြိမ်းချမ်းရေးရဲ့ အနှစ်သာရတန်ဖိုးကို သိရှိဖော်ဆောင်နိုင်ရန် (Generation By Generation) မျိုးဆက်တစ်ဆက်မှ မျိုးဆက်တစ်ဆက်သို့ ကောင်းမွန်တဲ့အစဉ်အလာအမွေများ ချန်ထားခဲ့ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတစ်ခုတွင် တည်ဆောက်ရေးအင်အား (Constructive Element) နှင့် အဖျက်အင်အား (Destructive Element)ဆိုပြီး အင်အားစုနှစ်စုခွဲခြားနိုင်ပါတယ်။

ယခုအချိန်မှာ မိမိတို့နိုင်ငံ ကြုံတွေ့ခံစားနေရသော လက်နက်ကိုင်ပဋိပက္ခများ၊ အရှေ့အနောက်ကျူးကျော်မှုများ၊ အကြမ်းဖက်မှုများဟာ အဖျက်အင်အားစုများက အားကောင်းနေသယောင်ဖြစ်နေပါတယ်။ အကြမ်းဖက်ဝါဒက မိမိတို့ရဲ့ ရန်သူတင်မကဘဲ ကမ္ဘာကြီးရဲ့ဘုံရန်သူဖြစ်ပါတယ်။

နိုင်ငံတိုင်းမှာ နိုင်ငံတော်ကို မဖြိုဖျက်အောင် ထိန်းသိမ်းခဲ့ရတဲ့ သမိုင်းအစဉ်အလာ အဖွဲ့အစည်းများရှိကြပါတယ်။ ဥပမာ- တရုတ်နိုင်ငံမှာ ကွန်မြူနစ်ပါတီဖြစ်ပြီးတော့ အိန္ဒိယနိုင်ငံမှာ ပါလီမန်စနစ်ဖြစ်ပါတယ်။ မြန်မာပြည်မှာတော့ တိုင်းပြည်မပြိုကွဲအောင် ထိန်းသိမ်းခဲ့ရတာ တစ်ခုတည်းသော (institution) ဖြစ်တဲ့ သမိုင်းဆိုင်ရာအဖွဲ့အစည်းကတော့ မြန်မာ့တပ်မတော်ပဲဖြစ်ပါတယ်။

မိမိတို့နိုင်ငံရဲ့ နိုင်ငံရေးအရှိတရားကို နားလည်လက်ခံပြီး တပ်မတော်နှင့် လက်တွဲပြီး နိုင်ငံရဲ့တည်ဆောက်ရေးအင်အားစုများက အရပ်ဘက်စစ်ဘက်မခွဲခြားဘဲ နိုင်ငံတည်ဆောက်ရေးကို အတူတကွ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

တည်ဆောက်ရေးအင်အားစုများက အားကောင်းမောင်းသန်မဖြစ်ပါက အဖျက်အင်အားစုများက တကျော့ပြန် ခေါင်းထောင်လာပြီး အဆိုးကျော့သံသရာကို နိုင်ငံတော်အနေဖြင့် ခံစားရမှာဖြစ်တယ်ဆိုတာ ပြည်သူလူထုတစ်ရပ်လုံးက သတိချပ်ဖို့လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရရှိရေးအတွက် ရွေးကောက်ပွဲလမ်းကြောင်းကို ပြည်သူလူထုကြီးတစ်ရပ်လုံးက ပါဝင်လျှောက်လှမ်းဖို့ လိုအပ်လှပါတယ်။

**မဲဆန္ဒရှင်ပြည်သူများ ခင်ဗျာ**

အများသိတဲ့အတိုင်း ဒီမိုကရေစီဆိုတဲ့ စကားလုံးက ဂရိစကားမှ ဆင်းသက်လာပြီး ပြည်သူ့အုပ်ချုပ်ရေးလို့ အဓိပ္ပါယ်ရပါတယ်။ ပြည်သူလူထုရဲ့ (Political Right) နိုင်ငံရေးဆိုင်ရာ အခွင့်အရေးကတော့ မိမိတို့အုပ်ချုပ်မယ့်သူတွေကို မဲပေးရွေးချယ်ခွင့်နှင့် မိမိတို့ကိုယ်တိုင် ရွေးကောက်ပွဲဝင်ခွင့်တို့ဖြစ်ပါတယ်။ ဤအခြေခံအခွင့်အရေးများကို မဆုံးရှုံးစေဖို့ ရွေးကောက်ပွဲများ အစဉ်အမြဲရှိနေဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ ပြည်သူလူထုရဲ့ အတွေးအခေါ်၊ အယူအဆများကို တူရာစုဖွဲ့ပြီး ဖော်ထုတ်နိုင်ဖို့ နိုင်ငံရေးပါတီများရဲ့ အခန်းကဏ္ဍက အရေးကြီးလှပါတယ်။

နိုင်ငံရေးပါတီများမရှိရင် ရွေးကောက်ပွဲများမရှိနိုင်ဘဲ အနိမ့်ဆုံးအဆင့်ဖြစ်တဲ့ ( Electoral Democracy) ရွေးကောက်ပွဲကပေးတဲ့ ဒီမိုကရေစီပင်လျှင် ပြည်သူလူထုကြုံတွေ့ကြရမှာ မဟုတ်ပါဘူး။ ဒါကြောင့် ရွေးကောက်ပွဲမှတစ်ဆင့် တက်လာတဲ့ပြည်သူ့အာဏာ အပ်နှင်းခြင်းခံရတဲ့ ပြည်သူကို ကိုယ်စားပြုတဲ့ အစိုးရတစ်ရပ် ပေါ်ပေါက်လာပြီး ပြည်သူလူထုပါဝင်တဲ့၊ အားကောင်းတဲ့ ပြည်ထောင်စုအစိုးရ အားကောင်းမှသာလျှင် တိုင်းရင်းသားပြည်သူများလိုချင်တဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ အာဏာခွဲဝေရေး၊ အခွန်ဘဏ္ဍာခွဲဝေရေး၊ သယံဇာတခွဲဝေရေး စတဲ့ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရကြား ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွဲဝေနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ပါတီစုံဒီမိုကရေစီစနစ် အားကောင်းအောင် ပြည်သူတစ်ရပ်လုံးကပါဝင်ပြီး ဆောင်ရွက်ရမှသာလျှင် ရွေးကောက်ပွဲများ အစဉ်တည်ရှိနေပြီး ဒီမိုကရေစီအခွင့်အရေးများလည်း ရရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရ ခိုင်မာတောင့်တင်းဖို့အတွက် ပြည်သူလူထုသည် (qualified citizens) အရည်အသွေးရှိသော နိုင်ငံသားကောင်းဖြစ်ဖို့ လိုအပ်ပါတယ်။ အပြန်အလှန်အားဖြင့် အရည်အသွေးရှိသော နိုင်ငံသားနှင့် ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုအစိုးရ အားကောင်းမှသာလျှင် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများ ခင်ဗျာ**

အထက်ပါတင်ပြခဲ့တဲ့ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေးသာ ရှင်သန်ခိုင်မာခဲ့မည်ဆိုလျှင် လူမှုလူဘဝဆိုတာ လူပီသစွာ နေနိုင်တဲ့အပြင် ယခုထက်သာလွန်ကောင်းမွန်သော အခြေအနေကောင်းများ ဖြစ်လာဖို့အတွက်

(၁) ပညာရေး

(၂) ကျန်းမာရေး

(၃) လူမှုရေး

(၄) စီးပွားရေး စတဲ့ အခန်းကဏ္ဍများ ပိုမို၍ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ယုံကြည်မိပါကြောင်း တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ လူမှုဘဝတိုးတက်စေရန် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးရရှိစေရန် အရေးကြီးဆုံးအချက်တစ်ခုမှာ (Rule of the Law) တရားဥပဒေစိုးမိုးရေး ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးဖို့ဆိုသည်မှာ (Arms of the Law) ဥပဒေ၏ လက်တံများဖြစ်သည့် ရဲတပ်ဖွဲ့များ၊ တရားရေးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်ပါတယ်။

ဒါကြောင့် နိုင်ငံသားများကို ငယ်စဉ်ကတည်းက ပညာသင်ရာတွင် နိုင်ငံချစ်စိတ်၊ ဘာသာသာသနာကို မြတ်နိုးစိတ်၊ ဥပဒေကို လေးစားလိုက်နာစိတ်များ၊ ပြည်သူ့နီတိများ အစရှိသဖြင့် သင်ကြားပေးရန် လိုအပ်လှပါတယ်။

ကျန်းမာရေးအခန်းကဏ္ဍနှင့် ပတ်သက်လျှင်လည်း နိုင်ငံသားများကို အမှန်တကယ် ထိရောက်စွာ စောင့်ရှောက်ပေးနိုင်ရန် ဂရုပြုဖို့ လိုအပ်ပါတယ်။ တိုင်းပြည်ရဲ့ အမျိုးသားဝင်ငွေအရ နိုင်ငံအလိုက် ကျန်းမာရေး အသုံးစရိတ်များဟာ အနည်းအများ မတူကွဲပြားနိုင်ပါတယ်။ သို့သော် အစိုးရတစ်ရပ်က နိုင်ငံသားများရဲ့ ကျန်းမာအသက်ရှည်ဖို့ ဥပဒေအကြောင်းအရ ကာကွယ်နိုင်တဲ့အရာများလည်း ရှိပါတယ်။ ဥပမာဆိုရင် အစားအစာနဲ့ ဆေးဝါးများ ကိစ္စမျိုးပဲဖြစ်ပါတယ်။ မိမိတို့ နိုင်ငံသားများကို ချစ်ရင်၊ နိုင်ငံတော်ကိုချစ်ရင် ကိုယ်လူမျိုးတွေ နေ့စဉ်စားသောက်နေတဲ့ အစားအစာများနှင့် သောက်သုံးနေတဲ့ ဆေးဝါးများကို ကြပ်မတ်စစ်ဆေးဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များနှင့် သံဃာတော်များ၊ သက်ကြီးရွယ်အိုများ စသည့်မိမိလူမျိုးများဟာ အစာအဆိပ်ရှိသော၊ ရေရှည်လက်ဝါးကြီးအုပ်ထားတဲ့ ဆေးဈေးကွက်ကို တားဆီးရန် လိုအပ်ပါတယ်။ သို့မှသာ ကိုယ့်လူမျိုးကို အမှန်တကယ်ချစ်ရာ ရောက်ပါလိမ့်မယ်။ တစ်ဖက်ကလည်း နိုင်ငံရပ်ခြားမှာ ဆေးကုသွားရတဲ့ စရိတ်ငွေလျော့ကျလာပြီး နိုင်ငံတွင်း ဆေးလောက၊ ဆေးဝါးသုတေသနလောကကို ပိုမိုအားပေးနိုင်မှာဖြစ်ပါတယ်။ အသေးစိတ်မူဝါဒများကိုတော့ မိမိတို့ပါတီ (သို့မဟုတ်)လွှတ်တော်ထဲရောက်သည့် ပါတီဝင်များ ဆက်လက်အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။



လူမှုရေးနဲ့ ပတ်သက်ရင်လည်း ပထမမြန်မာနိုင်ငံတော်တည်ထောင်ခဲ့တဲ့ အနော်ရထာမင်းမြတ်မှစ၍ ဗုဒ္ဓသာသနာ၊ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ပါတယ်။ မိမိတို့ရဲ့ လူ့အဖွဲ့အစည်းကို အဲဒီယဉ်ကျေးမှုအစဉ်အလာတရားနဲ့ပဲ စုစည်းထားခြင်း ဖြစ်ပါတယ်။ ဤအစဉ်အလာတရားတွေကို ဖြိုဖျက်ပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရမည်ဟု ပြောဆိုဆောင်ရွက်ခြင်းဟာ မုသားသက်သက်သာ ဖြစ်ပြီး မြန်မာ့လူ့အဖွဲ့အစည်းကို မသိမသာဆိုးရွားစွာ ဖျက်ဆီးဖြိုဖျက်ခြင်းပဲဖြစ်ပါတယ်။ ဥပမာ - ၂၀၁၅-၂၀၂၀ အတွင်း အစိုးရရဲ့ လုပ်ဆောင်ချက်များကို ကြည့်ပြီး သင်ခန်းစာထုတ်ယူနိုင်ပါတယ်။ ဒါကြောင့် နောက်တက်လာမယ့် အစိုးရများအနေနဲ့ မြန်မာ့လူ့အဖွဲ့အစည်းကို စုစည်းထားတဲ့ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုများကို စည်ပင်တိုးတက်အောင် လုပ်ဆောင်ရင်း တစ်ဖက်မှာလည်း ဒီမိုကရေစီစနစ်ကို မြန်မာ့နည်း မြန်မာဟန်ဖြင့် ဖော်ဆောင်ဖို့ကြိုးပမ်းသင့်ပါတယ်လို့ မိမိတို့ပါတီအနေနဲ့ ယုံကြည်ပါတယ်။

တိုင်းပြည်စီးပွားရေးနဲ့ ပတ်သက်လျှင်လည်း ကမ္ဘာကြီးမှာ စိုက်ပျိုးရေးလိုင်း၊ စက်မှုလိုင်း၊ နည်းပညာလိုင်း စသည်ဖြင့် ရှိပါတယ်။ သို့သော် မိမိတို့ နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အခြေခံတဲ့ လူမှုအဖွဲ့အစည်းအနေနဲ့ ရှိနေပြီးသားပါ။ ဒါကြောင့် စိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် လက်တွေ့ကျကျ ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ စက်မှုထုတ်လုပ်ရေးနဲ့ နည်းပညာနဲ့ ပတ်သက်လာလျှင်တော့ အရေးကြီးဆုံးအချက်မှာ လျှပ်စစ်မီးကို ဘယ်နည်းနဲ့ဖြစ်ဖြစ် ရရှိအောင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လျှပ်စစ်မရှိလျှင် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတခုကို အိပ်မက်ပင် မက်ရနိုင်မှာ မဟုတ်ပါဘူး။ မြစ်ဆုံလား၊ နျူးကလီးယားလား စသည့် နည်းလမ်းများကို နောင်အစိုးရအနေဖြင့် တိုင်းပြည်မျက်နှာကို ထောက်ထားပြီး ဆုံးဖြတ်ဆောင်ရွက်ကြရမှာပဲ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများ ခင်ဗျာ**

နိုင်ငံတစ်ခုဟာကမ္ဘာ့အလယ်မှာ တစ်နိုင်ငံတည်းအထီးကျန်စွာ တံခါးပိတ်ပြီးနေလို့မရပါဘူး။ ဒါကြောင့် နိုင်ငံတကာနဲ့ ထိတွေ့ဆက်ဆံနေရပါတယ်။ ပကတိအရှိတရားပါ။ အထူးသဖြင့် မိမိတို့နိုင်ငံဟာ အင်အားကြီးနှစ်နိုင်ငံဖြစ်တဲ့ အိန္ဒိယနှင့် တရုတ်အကြားမှာ မဟာဗျူဟာမြောက်တည်ရှိပြီး အိန္ဒိယသမုဒ္ဒရာရဲ့ထွက်ပေါက်လည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရရှိဖို့ဆိုရင် အရှေ့အနောက်အားပြိုင်မှုများနှင့် အိမ်နီးချင်းအင်အားကြီးနိုင်ငံများနဲ့ (Balance of power) အင်အားချိန်ခွင်လျှာညှိပြီး မိမိတို့ရဲ့လွတ်လပ်၍ တက်ကြွသောဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကိုင်စွဲကာ ပါးပါးနပ်နပ်ကစားနိုင်ဖို့လိုအပ်ပါတယ်လို့ မြင်ပါတယ်။

အဓိကနဲ့ နောက်ဆုံးအချက်ကတော့ မိမိတို့နိုင်ငံရဲ့ ရှေ့က အုပ်ချုပ်ခဲ့သော အစိုးရများက ချမှတ်ခဲ့တဲ့ မူဝါဒ၊ လမ်းစဉ်များကို နောက်တက်လာတဲ့ အစိုးရများအနေဖြင့် အားလုံးကိုဖျက် သုညက ပြန်စတဲ့လုပ်ရပ်မျိုးမလုပ်ဘဲ ကောင်းမွန်တဲ့ မူဝါဒ၊ လမ်းစဉ်၊ စီမံကိန်း စသည်တို့ကို ဆက်လက်ထိန်းသိမ်းအကောင်အထည်ဖော်တဲ့ (Political Culture) နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ပျိုးထောင်ဖို့ လိုအပ်ကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

မဲဆန္ဒရှင်ပြည်သူများ ကျန်းမာချမ်းသာကြပါစေ။

"နိုင်ငံတော်ကြီးလည်း ပန်းတိုင်ရောက် နိုင်ငံသားများလည်း ပန်းတိုင်ရောက်နိုင်ကြပါစေ"

# ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၇

**ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဒေါ်ချိုချိုကျော်ငြိမ်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



**လေးစားအပ်ပါသောမိဘပြည်သူများရှင့်**

ကျွန်မကတော့ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၏ ဥက္ကဋ္ဌ ဒေါ်ချိုချိုကျော်ငြိမ်း ဖြစ်ပါတယ်။ ကျွန်မ၏ မိဘများမှာ ဦးကျော်ငြိမ်း (နိုင်ငံတော်ဒုတိယဝန်ကြီးချုပ်ဟောင်း)နှင့်ဒေါ်နွဲ့နွဲ့ရီတို့ ဖြစ်ကြပါတယ်။ ကျွန်မ၏ ဖခင် ဦးကျော်ငြိမ်းဟာ မြန်မာပြည်လွတ်လပ်ရေးရအောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ရှေ့တန်းမှ လက်တွဲပြီး ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။ မြန်မာပြည်လွတ်လပ်ရေး ရပြီး နိုင်ငံတော်ထူထောင်သည့်အခါမှာလည်း မြန်မာပြည်ဟာ အရှေ့တောင်အာရှ နိုင်ငံများမှာ နိုင်ငံအများစုက အားကျခဲ့ရပါတယ်။

ကျွန်မ၏မိခင် ဒေါ်နွဲ့နွဲ့ရီဟာလည်း နေ့စဉ် သံဃာတော်အပါး(၁၀၀၀)အား ဆွမ်းကွမ်း ဆက်ကပ်လှူဒါန်းခဲ့သော ဆွမ်းဒါယိကာမကြီး ဖြစ်ပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲပြုလုပ်သည့်အခါ ဆွမ်းကွမ်းဒကာမအဖြစ် ရန်ကုန်မြို့ရှိ ကမ္ဘာအေးလိုဏ်ဂူဘုရားမှာ သံဃာတော်များအား ဆွမ်းဒကာမအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်မ၏မိခင်ဟာ မြန်မာနိုင်ငံလွတ်လပ်ရေးရရန် ဆောင်ရွက်ခဲ့စဉ် ဖခင်ကြီးနှင့် အတူ လက်တွဲ၍ တိုက်ပွဲဝင်ခဲ့သောသူ ဖြစ်ပါတယ်။

နိုင်ငံတော်ကို ဘယ်လိုပြန်တည်ဆောက်မလဲဆိုတာ မိမိ၏ ဖခင် အမြဲပြောနေတဲ့စကားဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာပြည်ဟာ လွတ်လပ်ရေးရကတည်းက ပြည်တွင်းမငြိမ်သက်မှုများသည် ယနေ့ထက်တိုင် ဖြစ်ပေါ်လျက်ရှိပါတယ်။ ပြည်တွင်းတိုင်းရင်းသားများကလည်း ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုထူထောင်ရန် အမြဲတောင်းဆိုလျက်ရှိပါတယ်။

**လေးစားအပ်ပါသောမိဘပြည်သူများရှင့်**

ဖက်ဒရယ်ဆိုသည်မှာ ယေဘုယျအားဖြင့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးပင်ဖြစ်ပါတယ်။ မိမိအနေဖြင့် လေ့လာမှုတွေရှိခဲ့သည်မှာ ဖက်ဒရယ်ဟာ စနစ်အမျိုးမျိုးရှိပါတယ်။ ကျွန်မတို့ တိုင်းပြည်နဲ့ လိုက်ဖက်သောစနစ်ဖြစ်ရမည်ဟု ယုံကြည်ပါတယ်။ ဖက်ဒရယ်မှာ လူမျိုးရေးကို အခြေခံသောဖက်ဒရယ်နဲ့ တိုင်းဒေသကြီး/ ပြည်နယ်ကို အခြေခံသော ဖက်ဒရယ်စနစ်ကို အနီးစပ်ဆုံးတွေ့ရမှာပါ။ ကျွန်မအနေနဲ့ မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုး(၁၃၅)မျိုးနှင့် ဖွဲ့စည်းထားတဲ့ နိုင်ငံဖြစ်တာကြောင့် လူမျိုးအခြေခံသည့် ဖက်ဒရယ်စနစ် တည်ဆောက်မည်ဆိုပါက အင်မတန်ရှုပ်ထွေးမှုများ ရှိလာနိုင်ပါတယ်။ ဒါကြောင့် တိုင်းဒေသ ကြီး/ ပြည်နယ်ကို အခြေခံသော ဖက်ဒရယ်စနစ်ကိုသာ တည်ဆောက်ဖို့ ကျွန်မတို့ပါတီက သက်ဝင်ယုံကြည်တာကြောင့် ပဲခူးတိုင်းဒေသကြီးမှာ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီကို ထူထောင်ခဲ့ခြင်း ဖြစ်ပါတယ်။

ယနေ့အချိန်ဟာ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ ကျင်းပရန် လအနည်းငယ်သာလိုပါတော့တယ်။ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရင် လွှတ်တော်တစ်ရပ်ပေါ်ပေါက်လာမည်ဖြစ်ပါတယ်။ လွှတ်တော်ပေါ်ပေါက်လာပါက ပြည်သူများရင်ဆိုင်နေရသော ပြဿနာများကို လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်တွင် ဆွေးနွေးနိုင်မှာ ဖြစ်ပါတယ်။ လွှတ်တော်ဆိုတာဟာ တိုင်းပြည်၏ ဦးနှောက်ဟုပင် တင်စားခေါ်ရမှာ ဖြစ်ပါတယ်။ လွှတ်တော်ကသာ ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာသော အစိုးရကို ထိန်းကျောင်းရမည် ဖြစ်ပါတယ်။ အစိုးရကို ထိန်းကျောင်းဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များကလည်း အရည်အချင်းရှိရမည့်အပြင် လွှတ်တော်ထဲမှာ ပြောတတ်၊ ဆိုတတ်၊ ပြောရဲဆိုရဲရှိသော လွှတ်တော်ကိုယ်စားလှယ်များပါရှိရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ပါတီဟာ လွှတ်တော် ကိုယ်စားလှယ်လောင်းများကို ပညာတတ်များဖြင့် ရွေးချယ်ထားသည့်အပြင် တရားလွှတ်တော်ရှေ့နေအများစုကိုလည်း လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ်စုစည်းထားပါတယ်။ ရွေးကောက်ပွဲအပြီး ပေါ်လာမယ့် အစိုးရဟာ ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံတာကြောင့် ပါတီအများစုပါဝင်သောအစိုးရဖြစ်မည်ဟု ကျွန်မအနေဖြင့် ယုံကြည်ပါတယ်။ ပါတီအများစု ပါဝင်သော အစိုးရဖြစ်တာကြောင့် တစ်ဦးနှင့်တစ်ဦး ထိန်းကျောင်းပြီး နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါတယ်။

**လေးစားအပ်ပါသော မိဘပြည်သူများရှင့်**

ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံသားအားလုံးတို့ဟာ ဒီမိုကရေစီပြည်ထောင်စုကြီး၌ ပျော်ပျော်ရွှင်ရွှင်၊ ချစ်ချစ်ခင်ခင် ငြိမ်းချမ်းသာယာစွာ နေထိုင်နိုင်ကြရန် အလို့ငှာလည်းကောင်း၊ လူမျိုးမရွေး၊ ကျားမမရွေး၊ ဘာသာမရွေး၊ အသက်ကြီးငယ်မရွေး၊ နေထိုင်ရာ ဒေသ၊ ငွေကြေး ဆင်းရဲချမ်းသာမရွေး ပြည်ထောင်စုသားတိုင်းဟာ -

နိုင်ငံရေးလွတ်လပ်ခွင့် အပြည့်အဝ ရရှိစေရန်
စီးပွားရေးလွတ်လပ်ခွင့်များ ရရှိစေရန်
လူမှုရေး လွတ်လပ်ခွင့်များ ရရှိစေရန်

ဤအခွင့်အရေးများကို အပြည့်အဝရရှိစေရန် "ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ" ကို ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပါတယ်။ ပါတီအမည်မှာ "ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ"ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ မိမိတို့ပြည်ထောင်စုသားအားလုံး ပိုင်ဆိုင်ကြောင်း၊ ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေးဟာလည်း မိမိတို့တွင်တာဝန်ရှိကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပါတီရဲ့အလံ - ရွှေဝါရောင်နောက်ခံ၏ အလယ်ဗဟို၌ အစိမ်းရောင်ကဒေါင်းထားရှိ ပါတယ်။ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ အလံ၏ အောက်ခံအဝါရောင်ဟာ နိုင်ငံတော်၏ မြေပေါ် မြေအောက် သယံဇာတနှင့် ပြည့်စုံ၍ ချမ်းသာကြွယ်ဝခြင်းကို ဖော်ညွှန်းပါတယ်။ အစိမ်းရောင်ကဒေါင်းကတော့ ပြည်ထောင်စုသားများအားလုံး စိတ်ချမ်းမြေ့စွာနှင့် ပျော်ရွှင်ကြည်နူးမှုရရှိကြောင်းကို ဆိုလိုပါတယ်။

**မူဝါဒသဘောထား**

ကျွန်မတို့ ပါတီဟာ ပြည်ထောင်စုသူ ပြည်ထောင်စုသားများအား ဒီမိုကရေစီ အခွင့်အရေးအပြည့်အဝခံစားရရှိနိုင်ရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးပေါ်ပေါက်ရေးအတွက် ဆောင်ရွက်ပေးပါမယ်။

ကျွန်မတို့ပါတီက ယုံကြည်သော ဒီမိုကရေစီစနစ်တွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားကျင့်သုံးနိုင်ရေး၊ နိုင်ငံရေးလွတ်လပ်မှု၊ စီးပွားရေးလွတ်လပ်မှု၊ တရားစီရင်ရေး လွတ်လပ်မှု၊ လွတ်လပ်စွာ တွေးတောကြံဆနိုင်မှု၊ လွတ်လပ်စွာဟောပြောစည်းရုံးနိုင်မှု စသည့် လွတ်လပ်မှုအခြေခံအခွင့်အရေးများကို ပြည်သူတို့ အပြည့်အဝ ခံစားနိုင်ကြရန် ဖြစ်ပါတယ်။

**အမျိုးသားအချင်းချင်းပြန်လည်ရင်ကြားစေ့ရေး**

အမျိုးသားအချင်းချင်း ပြန်လည်ရင်ကြားစေ့ရေးမှုဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျပါတယ်။ ထိုမှုကို "ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ"က အလေးအနက်ထားပြီး အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

တစ်မျိုးသားလုံး အေးအတူပူအမျှ အတူတကွ လက်တွဲဆောင်ရွက်နိုင်ကြရေးအတွက် မိမိတို့ဟာ တစ်နိုင်ငံတည်းသားများဖြစ်ကြသည်ဟူသော မိသားစုစိတ်ဓာတ်များထားရှိရန် လိုအပ်ပါတယ်။

**တိုင်းရင်းသားလူနည်းစုများအရေး**

ပင်လုံညီလာခံအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းက ဦးဆောင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ခဲ့ပါတယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လွှတ်တော်က ရေးဆွဲခဲ့ပါတယ်။ ထိုစဉ်က နိုင်ငံခေါင်းဆောင်များ ရွေးချယ်ခဲ့လိုက်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ လူနည်းစုများလည်း ကျေနပ်စေ၊ ထိရောက်သော နိုင်ငံအုပ်ချုပ်ရေးလည်းဖြစ်စေသည့် အသွင်သဏ္ဌာန်အားဖြင့် ပြည်ထောင်စု၊ အနှစ်သာရအားဖြင့် တစ်ပြည်ထောင်စနစ် ဖြစ်ပါတယ်။

သို့သော်လည်း လွတ်လပ်ရေးနှင့်အတူ ပါတီဂိုဏ်းဂဏဝါဒ၊ လူမျိုးရေးဂိုဏ်းဂဏဝါဒအစွဲများကြောင့် အချင်းချင်းစိတ်ဝမ်းများ ကွဲခဲ့ကြရပါတယ်။ ပြည်ထောင်စုနိုင်ငံကြီးဟာလည်း ကမ္ဘာ့အဆင့်အတန်းမီဖြစ်မလာဘဲ ..ခေတ်နောက်ကျ ကျန်ရစ်ခဲ့ရပါတယ်။ ထိုအကျိုးဆက်များကြောင့် ပြည်ထောင်စုကြီးကို ချစ်သည့်စိတ်၊ တိုင်းရင်းသားအချင်းချင်း ညီညွတ်သောစိတ်များ ပျက်ပြယ်ခဲ့ရပါတယ်။

**စီးပွားရေး ကဏ္ဍ**

စီးပွားရေးကဏ္ဍတွင် လွတ်လပ်သော ဈေးကွက်စီးပွားရေး၊ ပုဂ္ဂလိကကုန်ပစ္စည်းထုတ်လုပ်ရေး၊ ပုဂ္ဂလိကနှင့် နိုင်ငံခြားဖက်စပ်လုပ်ငန်းများ၊ ပုဂ္ဂလိက - အစိုးရဖက်စပ်လုပ်ငန်းများ၊ ပုဂ္ဂလိက-အစိုးရနှင့် နိုင်ငံခြား ဖက်စပ်လုပ်ငန်းများ၊ အစိုးရအချင်းချင်း ဖက်စပ်လုပ်ငန်း၊ သမဝါယမလုပ်ငန်း၊ အစိုးရက တာဝန်ယူရသော စီးပွားရေးကဏ္ဍဟူ၍ အသီးသီးရှိပါတယ်။

**ပညာရေးမူဝါဒ**

"ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ"ဟာ ရေရှည်တည်တံ့ခိုင်မြဲခြင်းရှိတဲ့ ပညာရေးစနစ်ကို ဦးတည်ပြီး စီမံကိန်းများ ချမှတ်ဆောင်ရွက်ပါမယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ပညာရေးစနစ်ကို ခေတ်နှင့်အမီ ရင်ပေါင်တန်းရပ်တည်နိုင်ရေးအတွက် နိုင်ငံခြားပညာသင်များ ပိုမိုစေလွှတ်ခြင်း၊ နိုင်ငံတကာမှ ကျွမ်းကျင်သည့် ပညာရှင်များကိုလည်း ဖိတ်ခေါ်လေ့ကျင့်စေခြင်းတို့ကို ပြုလုပ်မည်ဖြစ်ပါတယ်။

နိုင်ငံတကာပညာရေးစနစ်နှင့် ရင်ပေါင်တန်းနိုင်အောင် တက္ကသိုလ်၊ ကောလိပ်နှင့် စိုက်ပျိုးရေး၊ စက်မှုလက်မှုကျောင်းများကို ပြုပြင်မွမ်းမံတိုးချဲ့ဆောင်ရွက်ပါမယ်။ တိုးတက်ပြောင်းလဲနေသော ကမ္ဘာ့အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြည်ထောင်စုမြန်မာနိုင်ငံသားများကို နိုင်ငံတကာလုပ်ငန်းခွင်တွင် ဝင်ရောက်ယှဉ်ပြိုင် သင်ကြားလေ့ကျင့်စေပါမယ်။ ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးပြီး နိုင်ငံတကာလူသားအရင်းအမြစ်ဈေးကွက်မှာ မြန်မာလုပ်သားများ ဝင်ရောက်ထိုးဖောက်နိုင်စေရန်အတွက် နည်းပညာနှင့် အတတ်ပညာများ သင်ကြားပေးခြင်းအားဖြင့် အစဉ်သဖြင့် မွမ်းမံပေးမည် ဖြစ်ပါတယ်။

**ကျန်းမာရေးမူဝါဒ**

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်ကို ခေတ်နှင့်လျော်ညီစွာ နိုင်ငံတကာအဆင့်သို့ရောက်အောင် တည်ဆောက်မည်။ လူတိုင်းအခမဲ့ ဆေးဝါးကုသခွင့်ကို ရှေးရှုဦးတည်ပြီး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည်။ ပြည်သူ့ကျန်းမာရေးကို အနောက်တိုင်းဆေးပညာနည်း၊ တိုင်းရင်းဆေးပညာနည်းတို့ဖြင့် ပေါင်းစပ်အကောင်အထည်ဖော်မည် ဖြစ်ပါတယ်။

ဆေးကုသရေး၊ ကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းများကို ဟန်ချက်ညီစေရန် အမျိုးသားကျန်းမာရေးမူများ ချမှတ်ပြီး ပြည်သူ့ကျန်းမာရေးစနစ်ဖြင့် ကျေးလက်ဒေသ၊ နယ်စပ်ဒေသနှင့် တောင်တန်းဒေသများပါမကျန် ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရန် ဆောင်ရွက်ပါမယ်။

**လူမှုစောင့်ရှောက်ရေးမူဝါဒ**

ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံးသည် နိုင်ငံတော်အစိုးရနှင့် မြန်မာ့လူမှုအသိုက်အဝန်း၏ ကာကွယ်စောင့်ရှောက်ခွင့်ကို တစ်ပြေးညီ ရရှိခံစားသင့်တယ်လို့ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီက လက်ခံယုံကြည်ထားပါတယ်။ အထူးသဖြင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများဟာ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အထူးကာကွယ်စောင့်ရှောက်ခွင့်ကို ရရှိခံစားထိုက်သူများ ဖြစ်ပါတယ်။ မသန်စွမ်းသူများ၊ ဒုက္ခိတများ၊ မမာမကျန်းဖြစ်နေသူများ၊ ရောဂါသည်လူနာများကို အနည်းဆုံးအခမဲ့ ကုသကာကွယ်စောင့်ရှောက်မှု ခံစားခွင့်များရရှိစေရန် စီမံဆောင်ရွက်မှာဖြစ်ပါတယ်။ ခိုကိုးရာမဲ့၊ အိုးအိမ်မဲ့ ဒုက္ခသည်များကိုလည်း ယာယီအစားအသောက်နှင့် နေထိုင်တည်းခိုစရာအိမ်ရာများကို ဈေးနှုန်းသက်သာစွာ နေထိုင်နိုင်ရေးအတွက် အမျိုးသား လူမှုစောင့်ရှောက်ရေးစီမံချက်အောက်မှာ အိမ်ရာများကို ဖန်တီးပေးမည်ဖြစ်ပါတယ်။ စစ်မှုထမ်းဟောင်းများနှင့် ပင်စင်စားသက်ကြီးရွယ်အိုများအတွက် လူမှုအာမခံချက်များ ရရှိစေရန်နှင့် သက်သောင့်သက်သာဖြင့် အနားယူနေထိုင်နိုင်ရန် စီမံဆောင်ရွက်ပေးမှာပါ။




**တောင်သူလယ်သမားအရေး**

ကိုယ်တိုင်လယ်လုပ်သူများ အပါအဝင် အခြားမြေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူများအတွက် လယ်ယာမြေ လွှဲပြောင်းခွင့်၊ အမွေပေးခွင့်၊ ရောင်းချပေါင်နှံခွင့် စသည့်အခွင့်အရေးတို့ကိုလည်း ရရှိစေရပါမယ်။

လယ်ယာမြေ လုပ်ငန်းအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်နှင့် အထွက်တိုးမျိုးစပါးရရှိရေး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ကြိတ်ခွဲရေးအပါအဝင် လယ်ယာမြေပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်သော ပံ့ပိုးမှုများကို စိုက်ပျိုးရေးဘဏ်များ တိုးတက်ဖွင့်လှစ်၍ စိုက်ပျိုးစရိတ်ငွေထုတ်ချေးခြင်းနည်းအရသော်လည်းကောင်း၊ နိုင်ငံတော်ကလည်းကောင်း၊ နိုင်ငံတော်၏ ငွေကြေးအခြေအနေအရသော်လည်းကောင်း ပံ့ပိုးကူညီမှာ ဖြစ်ပါတယ်။

လယ်ယာမြေနှင့် စိုက်ပျိုးရေးတွင် ဆန်စပါးနှင့် စက်မှုကုန်ကြမ်း ထုတ်လုပ်မှုအတွက် စီမံကိန်းချနည်းဖြင့် အခမ္ဘကျင့်သုံးခြင်းမပြုဘဲ ပြည်တွင်းပြည်ပ ဈေးနှုန်းအတက်အကျနှင့် နိုင်ငံခြားဝင်ငွေလည်း ပိုမိုရရှိနိုင်မည့် သီးနှံများကို စိတ်ကြိုက်စိုက်ပျိုးနိုင်ရန် အားပေးကူညီပါမယ်။

ပုဂ္ဂလိက စက်မှုလယ်ယာနှင့် နှစ်ရှည်သီးပင်စားပင်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ်ခြင်းများကို ခွင့်ပြုပါမယ်။

လယ်ယာမြေမှ စိုက်ပျိုးထုတ်လုပ်သော ဆန်စပါးနှင့် အခြားသီးနှံမျိုးစုံတို့ကို လွတ်လပ်စွာ စိုက်ပျိုးခွင့်၊ သိုလှောင်ကြိတ်ခွဲခွင့်၊ သယ်ယူပို့ဆောင်ခွင့်၊ ရောင်းချခွင့်များရရှိစေရမှာ ဖြစ်ပါတယ်။

ခေတ်မီစိုက်ပျိုးရေး၊ လယ်ယာမြေထုတ်ကုန်တိုးတက်ရေးတို့အတွက် ခေတ်မီနည်းပညာတိုးတက်စေရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်နိုင်စေရန် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ရယူမည်။ ကမ္ဘာ့ကုလသမဂ္ဂ အထူးအေဂျင်စီများ အကူအညီဖြင့် သော်လည်းကောင်း၊ အခြားနည်းအားဖြင့် သော်လည်းကောင်း တောင်သူလယ်သမားများအား ပံ့ပိုးကူညီမည်ဖြစ်ပါတယ်။

တောင်သူလယ်သမားများအနေနဲ့ ဒီမိုကရေစီကျင့်စဉ်အရ မိမိတို့ အခွင့်အရေးကို ကာကွယ်ပိုင်ခွင့်၊ မိမိတို့ လူနေမှုဘဝတိုးတက်မြင့်မားရေး၊ အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် "တောင်သူလယ်သမားအစည်းအရုံး"ကို လွတ်လပ်စွာ ဖွဲ့စည်းနိုင်ခွင့် ရှိစေရပါမယ်။

**နိုင်ငံတော်ကာကွယ်ရေးနှင့်တပ်မတော်ကဏ္ဍ**

နိုင်ငံတော်ဟု တည်ထောင်ဖွဲ့စည်းသည်နဲ့ တစ်ပြိုင်နက် နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်ထူထောင်ဖွဲ့စည်းတည်ရှိရေးဟာ မရှိမဖြစ် လိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု သမိုင်းအစဉ်အလာအရ တပ်မတော်ကဏ္ဍဟာ ထူးခြားစွာ ပါဝင်ခဲ့ပါတယ်။ ထိုထူးခြားသော သမိုင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းရန် အထူးလိုအပ်ပါတယ်။

ပြည်သူတို့၏ သားသမီးများဖြင့် ပါဝင်ဖွဲ့စည်းထားသော တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အန္တရာယ်အသွယ်သွယ်တို့ကို ကာကွယ်သော ပြည်သူ့တပ်မတော်၊ မျိုးချစ်တပ်မတော်အဖြစ် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသော တပ်မတော်ဖြစ်စေရပါမယ်။

မြန်မာနိုင်ငံတော်၏ လိုအပ်ချက်၊ နိုင်ငံတော်၏ ဘဏ္ဍာရေး အခြေအနေနှင့်အညီ ကျစ်လျစ်ခိုင်မာ၍ ခေတ်မီတိုးတက်သော စစ်စွမ်းရည်၊ တိုက်ခိုက်ရေးစွမ်းရည် မြင့်မားသော ခေတ်မီတိုးတက်သည့် တပ်မတော်ဖြစ်စေရပါမယ်။

**နိုင်ငံခြားရေး**

နိုင်ငံတိုင်းဟာ မိမိနိုင်ငံ အကျိုးရှိရေး ရည်မှန်းချက်များနှင့်အညီ နိုင်ငံတကာနှင့်မိတ်ဝတ်မပျက် ဆက်ဆံပေါင်းသင်းရမြဲ ဖြစ်ပါတယ်။ ထိုအခြေခံဖြင့် နိုင်ငံခြားရေးမူဝါဒများ ချမှတ်လိုက်နာဆောင်ရွက်ကြရမြဲ ဖြစ်ပါတယ်။

ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၏ မျှော်မှန်းချက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် ကြိုးပမ်းရာမှာ မိမိတို့၏ "ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ" သည် -

ပြည်ထောင်စုသားတိုင်း ဒီမိုကရေစီ လူ့အခြေခံလွတ်လပ်မှု အခွင့်အရေးများကို စည်းကမ်းတကျ ခံစားခွင့်အညီအမျှ ရရှိစေလိုသည်၊

ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာသော အခြေအနေကို ဖန်တီးလိုသည်၊

အမျိုးသားညီညွတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကို လိုလားသည်၊

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရန် လိုလားသည်။

ထိုအခြေအနေ (၄)ရပ်အပေါ် မူတည်၍ တည်တံ့ခိုင်မြဲသော နိုင်ငံတော်ကို တွေ့မြင်လိုသည်။ ထိုမှတစ်ဆင့် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မျိုးသားလုံးနှင့်အတူ ညီညာဖြိုဖြို လက်တွဲဆောင်ရွက်လိုသည်။ ယင်းသို့သော မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် "ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ"ကို တည်ထောင်ဖွဲ့စည်းခဲ့ပါတယ်။

**မိဘပြည်သူများရှင့်**

နိဂုံးချုပ်အနေဖြင့် ကျွန်မတို့ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီသည် ပဲခူးတိုင်းဒေသကြီး အခြေစိုက်ပါတီဖြစ်သည့်အတွက်ကြောင့် ပဲခူးတိုင်းဒေသကြီးရှိ မိဘပြည်သူများ ကျွန်မတို့ပါတီနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြပါလို့ ဖိတ်ခေါ်ပါတယ်။ ရဲရဲသာလက်တွဲလိုက်ပါ။ ကျွန်မတို့ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီက ပြည်သူများ၏ လိုအပ်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်သွားပါမည်ဟု ဝန်ခံကတိပြုရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

# မကွေးမြို့၌ (၃၇)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မကွေး နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီး (၃၇)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းဟောင်းများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဝန်ထမ်းများအနေဖြင့် မိမိတို့၏ အခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သဘောပေါက်ရေး၊ မိမိတို့၏ အလုပ်တာဝန်ကို တန်ဖိုးထားဂုဏ်ယူတတ်ကြရန်အတွက် ဌာန၏ကျင့်စဉ်များဖြစ်သည့် "ကျယ်ကျယ်ပြန့်ပြန့်စဉ်းစား၊ အင်တိုက်အားတိုက်လုပ်၊ မှန်မှန်ကန်ကန်ပြောဆို၊ ခိုင်ခိုင်မာမာရပ်တည်၊ ရိုးရိုးသားသားနေထိုင်ပြောဆို၊ ပြည်သူတွေနှင့် ပြေပြေပြစ်ပြစ်၊ ယဉ်ယဉ်ကျေးကျေးပြောဆိုဆက်ဆံ" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျင့်ကြံလိုက်နာဆောင်ရွက်ကြရန် အထူးတိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်းကြောင်းနှင့် လုပ်ငန်းစွမ်းဆောင်ချက်များကို Vedio Clip ဖြင့် ပြသပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်/အောက်) မြန်မာပြည်နှင့် အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း(IDA)တို့၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်ဆုရရှိသူများကို ဆုချီးမြှင့်၍ ဝန်ထမ်းများအား Tracksuit အင်္ကျီ နှင့် ယူနီဖောင်းစများနှင့် ဆန်၊ ဆီ၊ ရိက္ခာများကို ထောက်ပံ့ပေးအပ်ချီးမြှင့်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဧည့်သည်တော်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းဟောင်းများအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ဆောင်ချက်အမှတ်တရပြခန်းငယ်တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**





# ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၇**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ပြီး ဦးစွာ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက အခမ်းအနားကို "ဇာတိမာန်" သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆိုသည့်အချက်ကို အမြဲနှလုံးသွင်းပြီး မိမိအလုပ်၊ မိမိဌာန၊ မိမိပြည်နယ်၊ မိမိနိုင်ငံအပေါ် သစ္စာရှိရှိ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင်လည်း အဂတိတရား ကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများအတွက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပနိုင်ရေး ချီးမြှင့်ငွေများပေးအပ်ရာ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က လက်ခံရယူကြသည်။

ယင်းနောက် ဝန်ထမ်းများအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများကို လည်းကောင်း၊ အုပ်ချုပ်မှုစွမ်းရည်မြှင့်မားရေးသင်တန်းတွင် စစ်ရေးပြထူးချွန်ဆုရရှိသည့် ဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုလက်မှတ်နှင့် ချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်

**မန္တလေး နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ၊ စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းရာ ယနေ့နံနက်ပိုင်းက အလှူရှင် Millcon Thiha ကုမ္ပဏီလီမိတက်က အလှူငွေကျပ်သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားများ ပြောကြားသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား တပ်မတော်သားများ၊ မိသားစုဝင်များနှင့်အတူ ဒေသခံပြည်သူများက လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆို

**နေပြည်တော် နိုဝင်ဘာ ၇**

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ တပ်မတော်မှလည်း နယ်မြေတည်ငြိမ်အေးချမ်းသာယာရေးနှင့် နယ်မြေလုံခြုံရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည်သူနှင့်အတူ လက်တွဲပူးပေါင်း၍ ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။



အေးချမ်းစွာနေထိုင်လျက်ရှိသည့် ပြည်သူများအား အကြောက်တရားလွှမ်းမိုး၍ အတိဒုက္ခရောက်စေခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးစေရန် ရည်ရွယ်ကာ အကြမ်းဖက် လုပ်ရပ်များဆောင်ရွက်ခဲ့သော လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား အပြီးတိုင် တိုက်ထုတ်နိုင်ခဲ့ပြီး မြို့ရွာများကို ဒေသခံပြည်သူများ၏ လက်ဝယ်သို့ ပြန်လည်အပ်နှင်းနိုင်ခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ယနေ့ ညနေပိုင်းတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ရပ်စောက်မြို့နယ် နယ်မြေခံတပ်၌ ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲကြိုဆိုဂုဏ်ပြုကြသည်။

အကြမ်းဖက်သမားများအား အပြီးတိုင် တိုက်ထုတ်နိုင်ခဲ့ပြီး မြို့ရွာဒေသများကို တည်ငြိမ်အေးချမ်းစေရန်၊ အစိုးရအုပ်ချုပ်ရေးယန္တရားများ ပုံမှန်အတိုင်း ပြန်လည် လည်ပတ်စေရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးစေရန် ၊ နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး တာဝန်များကို အချိန်ကာလကြာမြင့်စွာ တာဝန်ထမ်းဆောင်၍ ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြသော အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများ၊ ဂုဏ်ပြုပန်းများဖြင့် ကြိုဆိုဂုဏ်ပြုကြပြီး ရိုးရာအကအဖွဲ့များနှင့် အိုးစည်ဒိုးပတ်အဖွဲ့များကလည်း အတီး၊ အမှုတ်၊ အက၊ အလှများဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■ **လေဖိအားနည်းရပ်ဝန်းမှ**
**နောက် ၁၂ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်ဘက်သို့ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း လေဖိအားနည်းဆဲလ်အဖြစ် အားလျော့သွားနိုင်ကာ ထိုင်းနိုင်ငံကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ လေဖိအားနည်းရပ်ဝန်းမှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် ယနေ့ ညနေမှ နိုဝင်ဘာ ၁၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ကမ္ဘာလုံးဆိုင်ရာ ဗီဒီယိုမီဒီယာဖိုရမ်တွင် သတင်းဖလှယ်ရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို ရန်ကုန်မီဒီယာအုပ်စု လက်မှတ်ရေးထိုး

ရန်ကုန် နိုဝင်ဘာ ၇

တရုတ်နိုင်ငံ ရှန်ရှီးပြည်နယ် မြို့တော်ရှီအန်းတွင် နိုဝင်ဘာ ၆ ရက်က ကျင်းပသည့် (၁၃)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ဗီဒီယိုမီဒီယာဖိုရမ် (VMF) ၌ ရန်ကုန်မီဒီယာအုပ်စု (Yangon Media Group) က သတင်းဖလှယ်ရေး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း နားလည်မှုစာချွန်လွှာကို တရုတ်မီဒီယာအဖွဲ့အစည်းများနှင့် လက်မှတ်ရေးထိုးသည်။

CCTV+၊ Xi'an Daily Media Group နှင့် Xi'an Broadcasting Corporation တို့က Yangon Media Group နှင့် အဆိုပါ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရာတွင် ရန်ကုန်မီဒီယာအုပ်စုဥက္ကဋ္ဌ ဦးကိုကို တက်ရောက်သည်။

နားလည်မှု စာချွန်လွှာများကို ရန်ကုန်မီဒီယာအုပ်စုအပါအဝင် အာဖဂန်နစ္စတန်၊ ကာဇက်စတန်နှင့် ကင်ညာနိုင်ငံတို့မှမီဒီယာအဖွဲ့အစည်းသုံးခုတို့ကလည်း အလားတူလက်မှတ်ရေးထိုးသည်။

အဆိုပါ သတင်းဖလှယ်ရေးစီမံကိန်းကို ၂၀၁၆ ခုနှစ်တွင်စတင်ခဲ့ပြီး တရုတ်နိုင်ငံ၏ ပြည်တွင်းမီဒီယာများ၊ စီးပွားရေးလုပ်ငန်းများ၊ ဒေသအဆင့်အစိုးရများကို နိုင်ငံခြားသတင်းဌာနများ၊ ယင်းတို့၏ နိုင်ငံတကာ လုပ်ဖော်ကိုင်ဖက်များအပြင် CCTV+ ၏ ကမ္ဘာလုံးဆိုင်ရာ ဖြန့်ချိရေးစနစ် (GDS) မှတစ်ဆင့် အလားအလာရှိသော မီဒီယာမိတ်ဖက်များနှင့် ချိတ်ဆက်ပေးနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ ဗီဒီယိုမီဒီယာဖိုရမ် VMF ကို CCTV+ သတင်းဌာနက ၂၀၁၁ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ဗီဒီယိုအကြောင်းအရာ ဖြန့်ဝေခြင်းနှင့် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို အလေးထားလုပ်ဆောင်ကာ ကမ္ဘာလုံးဆိုင်ရာ မီဒီယာအသုံးပြုသူများနှင့် မိတ်ဖက်များအတွက် အဓိကကျသော နှစ်ပတ်လည်ဖလှယ်ရေး ပလက်ဖောင်းတစ်ခုအဖြစ် နိုင်ငံတကာ မီဒီယာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




**သတင်းစဉ်**

**နေရောင်အောက်က**
**သက်ရှိတွေကို**
**စောင့်ရှောက်ဖို့**
**အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (ဗဗ-၃)၊ ဦးပိုင်အမှတ် (၁၂၆)၊ ၄၆x ၄၇ကြား၊ ၁၁၁x၁၁၂လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးစိန်ဝင်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၉၇၆/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်မာ [၉/အမရ(နိုင်)၀၄၆၅၀၄]၏ (SP ရရှိသူ ဦးသန်းလွင်) က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၃၀၅/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြေမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်- ၇၂၁၊ ဦးပိုင်အမှတ်- ၃၄/ ၂၇လမ်း၊ ၇၃x၇၄ လမ်းကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူ ဒေါ်သောင်းထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၄၇၀/၂၀၀၀) ဖြင့် ဦးလော်ချီက ဝယ်ယူခဲ့ပြီး၊ ဖခင် ဦးလော်ချီ၊ မိခင် ဒေါ်ဝင်းဝင်းတို့ ကွယ်လွန်၍ ကျန်ရစ်သူ သမီးများဖြစ်ကြသော ဒေါ်ဝင့်ဝါဝါဖူး [၉/ခအဇ(နိုင်)၀၄၀၀၂၇]၊ ဒေါ်အိမ့်သဇင်ဖူး [၉/ခအဇ(နိုင်)၀၅၁၃၈၃]တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်-ခ-၈၊ ဦးပိုင်အမှတ်- ၁၈/ ၆၆လမ်း၊ ၄၂x၄၃ လမ်းကြားရှိ ဒေါ်ဝင်းဝင်း အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဦးလော်ချီ၊ မိခင် ဒေါ်ဝင်းဝင်းတို့ကွယ်လွန်၍ ကျန်ရစ်သူ သမီးများဖြစ်ကြသော ဒေါ်ဝင့်ဝါဝါဖူး[၉/ခအဇ(နိုင်)၀၄၀၀၂၇]၊ ဒေါ်အိမ့်သဇင်ဖူး[၉/ခအဇ(နိုင်)၀၅၁၃၈၃]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ရန်ကုန်အင်းစိန်လမ်း၊အမှတ်(၂၁၈)၊ Century Condo၊ (Block-C)၊အခန်းအမှတ်(503)၊အကျယ်အဝန်း(၅၄၀)စတုရန်းပေရှိ၅-လွှာကွန်ဒိုတိုက်ခန်းရေမီးစုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဒေါ်မေဆုအောင်(MD၊ထွန်းမြတ်အောင်ကုမ္ပဏီလီမိတက်)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါကခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွကျွန်ုပ်ထံသို့ဤကြော်ငြာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈)
LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၇၈)၊မြေညီထပ်၊(၃၄)လမ်း၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၅၁၈၆၀၄၅။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (ဖ-၁၃)၊ ဦးပိုင်အမှတ် ၁၄-ခ၊ ၅၄x ၅၅ကြား၊ ၁၁၂-Aလမ်းရှိ ဒေါ်တင်ရီ အမည်ပေါက် တောဂရန်မြေကွက်အား၊ တရားလို ဒေါ်နန်းမွှေးမွှေးနှင်းက တရားပြိုင် ဒေါ်တင်ရီအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၆၆/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်နန်းမွှေးမွှေးနှင်း [၁/ဗမန(နိုင်)၀၇၄၄၀၁] က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂/တောင်၊ မြေကွက်အမှတ်- ၈၉၇/က၊ ဧရိယာ(၂၀' x ၆၀')၊ မြေကွက်တည်နေရာအမှတ် (၈၉၇/က)၊ ရန်ပြေအနောက်(၃)လမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးရဲသန့် [၁၂/သကတ(နိုင်)၀၁၈၅၅၃] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်သီတာမှ တရားလိုပြုလုပ်၍ ဦးရဲသန့်အား တရားပြိုင်ထားကာ ဒေါပုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်- ၄၅/၂၀၂၄ ဖြင့် ပဋိညာဉ်စာချုပ်ပါအတိုင်း မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အဦ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၄-၁၂-၂၀၂၄)ရက်စွဲပါ စီရင်ချက်၊ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်- ၃၁/၂၀၂၄ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၂၇-၁၂-၂၀၂၄)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုနိုင်ရေးအတွက် မြေပုံမြေရာဇဝင်ကူးယူခြင်း၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်းစသော ကိစ္စအဝဝတို့ကို ကူညီဆောင်ရွက်ပေးပါရန်၊ ဒေါပုံမြို့နယ် တရားရုံးမှ ဤဌာနသို့အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ဘီလစ်ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်)၀၂၉၅၃၁] မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊ ပင်းယလမ်း၊ မြေကွက်အမှတ်(၂၇၃)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးချစ်ခိုင် အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးပါဝင်သော နေအိမ်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ဥမ္မာတင်[၁၂/မရက(နိုင်)၀၄၅၉၂၆]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်စိုး [၃/လဘန(နိုင်)၀၂၉၈၇၄]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ် စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း ( LL.B ) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွှန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉-၇၇၆၅၅၁၁၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၁)၊ မြေကွက်အမှတ်(၁၀၈၈)၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးမြဆောင် အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်အား လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးဝင်းကျော်ကျော်ဗိုလ်[၁၂/ဒဂရ(နိုင်)၀၁၀၉၅၁]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်သော်တာထွန်း [၇/ပမန (နိုင်)၁၁၄၂၁၈]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း ( LL.B ) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွှန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉-၇၇၆၅၅၁၁၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ အဝေရာလမ်း၊ မြေကွက်အမှတ်(၁၁၁၇)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဒေါ်အုန်းစိန် အမည်ပေါက် ဂရန်မြေအမျိုးအစားမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော(၂၀ x ၆၀)ပေရှိ ရေ၊ မီး ပါဝင်သော ဂရန်မူရင်းခြမ်းမြေကွက်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်နှင်းလဲ့လဲ့ဝင်း[၁၂/ဥကမ(နိုင်)၀၁၆၉၉၇]မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျင်ထွေး[၁၄/မအပ(နိုင်)၀၇၉၉၀၀]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း ( LL.B ) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွှန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉-၇၇၆၅၅၁၁၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၁)၊ မြေကွက်အမှတ်(၈၃၇)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးကျော်စိန် အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၂၀ x ၆၀)ပေ မြေကွက်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်စမ်းလဲ့ [၁၂/ကမရ(နိုင်)၀၃၄၉၇၆]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်စိုး[၃/လဘန(နိုင်)၀၂၉၈၇၄]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း ( LL.B ) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွှန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉-၇၇၆၅၅၁၁၆၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## ကယားပြည်နယ်ပညာရေးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့မှကြီးကြပ်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းအထွေထွေပိုလျှံရန်ပုံငွေဖြင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ အထက(ခွဲ)-လောခမ္မကျောင်းရှိ (၁၄၀ x ၃၀)ပေ RCC နှစ်ထပ် အပြီးသတ်ဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၆-၁၁-၂၀၂၅ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၉-၁၁-၂၀၂၅ ရက်နေ့၊ ညနေ(၁၆:၀၀) နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်သည်။

၃။ တင်ဒါဖွင့်လှစ်မည့်နေရက်နှင့် အချိန်နေရာကို တင်ဒါတင်သွင်းသူများအား အသိပေး ကြေညာသွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါသွင်းရမည့်လိပ်စာမှာ ပြည်နယ်ပညာရေးမှူးရုံး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း - ၀၉-၂၅၆၀၂၃၃၈၃၊ ၀၉-၂၅၈၄၉၃၃၉၇တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်နယ်ပညာရေးမှူးရုံး၊ ကယားပြည်နယ်**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၈)၊ နဝရတ်(၇)လမ်း၊ မြေကွက်အမှတ်(၂၇/က)၊ အကျယ်ပေ(၂၀ပေx၆၀ပေ)ရှိ ဦးညိုအမည်ပေါက်ဖြင့် နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်(၂)လုံးအပါဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆင့်ဆင့်ဝယ်ယူကာ နောက်ဆုံးလက်ဝယ်ထားပိုင်ဆိုင်သူ ဦးကျော်ဆန်းလင်း [၁၄/မအပ(နိုင်)၂၆၆၉၅၅]မှ ၎င်းအမှန်တကယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုဝန်ခံလျက် ရောင်းချလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ဆွေ [၁၂/သကတ(နိုင်)၁၃၂၃၂၉]မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအရောင်းပစ္စည်း မြေအိမ်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဤမြေအိမ်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးပြတ်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမာထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၉၈)**
**ဖုန်း-၀၉-၄၄၂၉၁၂၉၇**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း၊

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ပစ်ပြဲရပ်ကွက်၊ သုတိလမ်း၊ အိမ်အမှတ်(၆)ဟုခေါ်တွင်သော ဧရိယာအကျယ်အဝန်း(၁၇ ပေ x ၅၀ ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် နှစ်ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာသူ ဒေါ်မြင့်မြင့်ဦး (MGDN-၀၁၇၉၃၀)၊ ဒေါ်အေးအေးမော် [၁၂/မဂဒ(နိုင်)၀၃၈၄၅၅]၊ ဒေါ်အေးအေးသင်း[၁၂/မဂဒ(နိုင်)၀၃၈၆၁၂]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်အောင်စိုး [၁၂/မဂဒ(နိုင်)၁၂၄၀၃၆]က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်အောင်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာဝင်း(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၆၃)**
**အမှတ်(၃၂)၊ (၂)လမ်း၊ ဘောလုံးကွင်းရပ်ကွက်၊ ထောက်ကြန့်၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၂၀၀၇၅၀၉၉**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ဈေးသစ်ရပ်ကွက်၊ မရမ်းကုန်း(၂)လမ်းနေ (ဘ) ဦးမြင့်ထွေး၏သား[၁၂/တတန(နိုင်)၂၂၃၃၆၅]ကိုင်ဆောင်သူ ဦးရဲမြတ်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ ကန်သာယာ(၁၆)လမ်းရှိ (အလျားပေ ၆၀ x အနံ ပေ ၂၅ )ရှိ အိမ်ခြံမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ရေမီးအစုံနှင့် ပတ်သက်ဆက်နွှယ်နေသည့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဦးရဲမြတ်အောင်[၁၂/တတန(နိုင်)၂၂၃၃၆၅] ကိုင်ဆောင်သူမှ (၆-၁၁-၂၀၂၅) ရက်နေ့တွင် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေ၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ အရောင်းအဝယ်ပြုလုပ်ရာတွင် ကန့်ကွက်ရန် သက်ဆိုင်သူများရှိပါက ဤကြေညာပါရှိသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် လာရောက်ကန့်ကွက်မှုမရှိပါက သတ်မှတ်ရက်သို့ရောက်ရှိလျှင် အပြီးအပိုင် လွှဲပြောင်းရောင်းချခြင်း ကတိစာချုပ်ဖြင့် အပြီးအရောင်းအဝယ်အား ကျွန်ုပ်၏မိတ်ဆွေမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီနီလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၄၂)**
**မင်္ဂလာလမ်း၊ အိုးဖိုအရှေ့ရပ်ကွက်၊**
**တွံတေးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၃၀၉၀၉၊ ၀၉-၇၉၉၅၁၉၉၃၅**

---

## ကယားပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ်ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၅ - ၂၀၂၆ ခု၊ ဘဏ္ဍာနှစ်ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း၌ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot No | လုပ်ငန်း တည်နေရာ | လုပ်ငန်းအမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | 11 | လွိုင်ကော်မြို့ | နောင်ယား(က)၊ စုပေါင်းဝန်ထမ်းအိမ်ရာတိုက်အမှတ်(၂၃)ထိခိုက်ပျက်စီးမှုများအား အကြီးစားပြုပြင်မွမ်းမံခြင်း(ရေ/မီးအပါ) | |
| ၂ | 12 | လွိုင်ကော်မြို့ | ခြံအမှတ်(၁၁)ရှိ နေအိမ်အဆောက်အဦ (ဆက်စပ် ဆ/ဦ အပါ)ထိခိုက်ပျက်စီးမှုများအား အကြီးစားပြုပြင်မွမ်းမံခြင်း (ရေ/မီးအပါ) | |

၂။ **တင်ဒါလျှောက်လွှာ**

(က) စတင်ရောင်းချမည့်ရက်နေ့ - ၁၀-၁၁-၂၀၂၅ ( တနင်္လာနေ့ ) ရုံးချိန်တွင်း

( ခ ) ရောင်းချမည့်နေရာ - ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွိုင်ကော်မြို့။

( ဂ ) အရောင်းပိတ်မည့်ရက်နေ့/အချိန် - ၂၄-၁၁-၂၀၂၅(တနင်္လာနေ့)(၁၄:၀၀)နာရီ

(ဃ) နောက်ဆုံးတင်သွင်းရမည့်ရက်နေ့ - ၂၅-၁၁-၂၀၂၅(အင်္ဂါနေ့) မွန်းလွဲ(၁၄:၀၀)နာရီတိတိ

၃။ တင်ဒါဖွင့်မည့်ရက်နေ့အား သီးခြားထုတ်ပြန်ကြေညာသွားပါမည်။

၄။ တင်ဒါလျှောက်လွှာများအား သတ်မှတ်နှုန်းထားအတိုင်း ရောင်းချသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ ဖုန်း(၀၉-၄၂၀ ၀၈၉၁၈၅) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (၂၈ဘီ-၂)၊ မြေကွက်အမှတ် (၈၀/၆)၊ အမှတ်-၄၊ မြဝတီလမ်း၊ မုန့်/တောင်ရပ်ကွက်၊ (၃)ခန်းတွဲ (ခေါင်းရင်းခန်း(အလျား ၈ ပေခွဲx အနံ ၅၀ပေ) အကျယ်အဝန်းရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်ဦး [၁၂/ဗတထ(နိုင်) ၀၀၄၆၀၃]၊ ဒေါ်ခင်ညိုညို [၁၂/စခန(နိုင်) ၀၃၃၂၂၅]၊ ဦးမျိုးညွန့် [၁၂/စခန(နိုင်) ၀၆၄၉၈၄]၊ ဒေါ်ခိုင်သစ္စာစံ [၁၂/စခန(နိုင်) ၀၀၀၆၄၄]တို့ထံမှ ဒေါ်အေးအေးမိုး [၁၂/စခန(နိုင်)၀၂၉၅၈၃]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသီဟ(LLB)** | **ဒေါ်လမင်းထက်(LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၅၁၆၄)`** | **(စဉ်-၁၈၆၅၁)** |

**အမှတ်(၁၁၀)၊ ပထမထပ်၊ ၃၉ လမ်း၊ မဟာဗန္ဓုလလမ်းနှင့်**
**ကုန်သည်လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- 09-666888375, 09-408634830**

---

## ဒေါ်ဥမ္မာကြူ [၇/ပမန(နိုင်)၁၀၉၂၁၅] နှင့် အများသိစေရန်ကြေညာချက်

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၆)၊ ဓမ္မစေတီလမ်းသွယ် အမှတ်(၁၆/၂၁၄)နေ ဦးဇော်မျိုးဦး [၁၂/မဘန(နိုင်)၀၀၀၉၀၉]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည် -

ဦးဇော်မျိုးဦး သင်္ဘောသားအလုပ်မှ ခေတ္တနားစဉ် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁၃)ရက်နေ့ နေအိမ်သို့ ပြန်အရောက်တွင် ဇနီးဖြစ်သူ ဒေါ်ဥမ္မာကြူသည် ခင်ပွန်းသည်၏ ခွင့်ပြုချက်မရှိ၊ ခင်ပွန်းသည်အား အကြောင်းကြားခြင်းမရှိ လင်မယားနှစ်ဦးပိုင် ဆူဇူကီးဆိုက်ရပ်မော်တော်ယာဉ်အမှတ်-6Q-3011 အဖြူရောင်၊ ဆူဇူကီးဆိုင်ကယ်အနက်(၁)စီး၊ ရွှေထည်လက်ဝတ်လက်စား၊ နှစ်ဦးအမည်ဖြင့်ထားသည့် ဘဏ်စာအုပ်နှင့် အရေးကြီးစာရွက်စာတမ်းများကို ယူဆောင်၍ နေအိမ်မှဆင်းသွားပြီး ယနေ့အချိန်ထိ ပြန်လာခြင်းမရှိတော့ပါ။ အထက်ဖော်ပြပါ မော်တော်ယာဉ်နှင့် ဆိုင်ကယ်တို့အား ၎င်းထံမှ လွှဲပြောင်းခြင်း၊ ဝယ်ယူခြင်း မပြုလုပ်ကြရန် အသိပေးတားမြစ်အပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဇော်မျိုးဦး** | **ဦးအောင်ထွန်း** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၀/၈-၈-၁၉၇၈)** |
| | **အမှတ်(၁၄၄)၊ တပင်ရွှေထီးလမ်း၊ ရုံးကြီးရပ်ကွက်၊** |
| | **ပဲခူးမြို့။ ဖုန်း-၀၉-၅၃၀၁၇၅၇** |

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂/တောင်၊ မြေကွက်အမှတ်- ၈၉၇/ခ၊ ဧရိယာ(၂၀' x ၆၀')၊ မြေကွက်တည်နေရာ အမှတ် (၈၉၇/ခ)၊ ရန်ပြေအနောက် (၃)လမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ပါပါး(TKA-၀၀၁၂၆၈)အမည်ပေါက်၊ နှစ်(၆၀)မြေငှား ဂရန်မြေအား ဒေါ်သီတာမှ တရားလိုပြုလုပ်၍ ဒေါ်ပါပါးအား တရားပြိုင်ထားကာ ဒေါပုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်- ၄၆/၂၀၂၄ ဖြင့် ပဋိညာဉ်စာချုပ်ပါအတိုင်း မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီ ချမှတ်သည့် (၄-၁၂-၂၀၂၄)ရက်စွဲပါစီရင်ချက်၊ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်- ၃၂/၂၀၂၄ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၂၇-၁၂-၂၀၂၄)ရက်စွဲပါတရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုနိုင်ရေးအတွက် မြေပုံ မြေရာဇဝင်ကူးယူခြင်း၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်း စသောကိစ္စအဝဝတို့ကို ကူညီဆောင်ရွက်ပေးပါရန်၊ ဒေါပုံမြို့နယ်တရားရုံးမှ ဤဌာနသို့အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ဘီလစ်ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်) ၀၂၉၅၃၁] မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၉) ၊ ဦးပိုင်အမှတ် (၅၅)၊ ၆၄x၆၅ ကြား၊ ၁၁၅x၁၁၆ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်မြင့် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၁၄၃၁/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးလန့် [၁၃/လရန(နိုင်)၀၉၁၆၀၉] က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၃၂၂/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်-၃၃၉၊ ဦးပိုင်အမှတ်-၁၆/စိန်ပန်းလမ်းမကြီး၊ ၃၆x၃၈ လမ်းကြားရှိ ဦးငွေဇင်အမည်ပေါက် ဘိုးဘမြေကွက်အား (ဖခင်) ဦးငွေဇင်၊ (မိခင်)ဒေါ်အုံးကြွယ်၊ သားဦးသန်းဖေတို့ကွယ်လွန်၍ ကျန်ရစ်သော ချွေးမဖြစ်သူ ဒေါ်ခင်ရီ [၉/မနတ(နိုင်)၀၆၃၉၄၇]က အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၂၀) ၊ ဦးပိုင်အမှတ်( ၁-က)၊ ၇၄ လမ်းနှင့် ၂၈ လမ်းထောင့်ရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်နန်းအိမ်ထံမှ အပေးစာချုပ်အမှတ် (၂၂၃၈/၂၀၂၅) ဖြင့်လက်ခံခဲ့သူ ဦးမျိုးမင်းအောင် [၉/မရမ(နိုင်)၀၀၅၇၀၈] က အမှုတွဲအမှတ် [၀၃၉၃/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆] ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

စာအုပ် စာပေ
လူ့မိတ်ဆွေ

အလိမ္မာ
စာမှာရှိ

---

## မကွေးတက္ကသိုလ်
## (၂၅) ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနား
## ဓာတ်ပုံရိုက်ကူးခွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတက္ကသိုလ် (၂၅) ကြိမ်မြောက်ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးရေး လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရန်ရှိပါသည်။ တင်ဒါတင်သွင်းလိုသူများသည် တက္ကသိုလ်တစ်ခုခုတွင် လုပ်ကိုင်ခဲ့ဖူးသည့် (လုပ်ငန်းရှင်ကိုယ်တိုင်) အထောက်အထားမူရင်းတင်ပြ၍ တင်ဒါလျှောက်လွှာပုံစံကို ၂၁-၁၁-၂၀၂၅ ရက် (သောကြာနေ့) မွန်းတည့် (၁၂:၀၀)နာရီတိတိ နောက်ဆုံးထားရယူ၍ ဓာတ်ပုံတင်ဒါကြီးကြပ်မှုကော်မတီထံတွင် တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။ တင်ဒါကို ၂၁-၁၁-၂၀၂၅ (သောကြာနေ့) မွန်းလွဲ(၃:၀၀) နာရီတွင် ဖွင့်ဖောက်ကြေညာပါမည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဘွဲ့နှင်းသဘင် ဓာတ်ပုံတင်ဒါကြီးကြပ်မှုကော်မတီအတွင်းရေးမှူး (ဖုန်း-၀၉-၂၅၆၃၅၁၂၁၃) ထံတွင် စုံစမ်းနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ဓာတ်ပုံတင်ဒါကြီးကြပ်မှုကော်မတီ**
**မကွေးတက္ကသိုလ်**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်အုန်းမြ မှတ်ပုံတင်အမှတ် [၉/ပမန(နိုင်)၀၉၈၉၀၀] အဖအမည် ဦးမြစိန်အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ် မြေကွက်အမှတ်(ပ-၃၄၆၇၂)ကို နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၈၃၅/၂၀၁၉(၄-၂-၂၀၁၉) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဆိုက်မေ မှတ်ပုံတင်အမှတ် [၁၃/ကခန(နိုင်)၀၂၂၈၆၆] အဖအမည် ဦးရန်စောက်ဖန်မှ ဦးချစ်သန်း မှတ်ပုံတင်အမှတ် [၈/တတက(နိုင်)၀၆၂၇၈၃] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်ယာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ(၀.၁၁၀)ဧကရှိ ဦးသိန်းဇံ (ဘ) ဦးအုန်းသော် မှတ်ပုံတင်အမှတ်[၃/ဘအန(နိုင်)၀၁၂၄၀၈]အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၂၁၉)ကို မြေကွက်အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်ဝါဝါထွန်း (ဘ) ဦးထွန်းတင် မှတ်ပုံတင်အမှတ် [၁၃/တကန(နိုင်)၀၀၀၇၃၈]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်ယာယာရေးကော်မတီ**

---

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ မြရတနာဖြတ်လမ်း(၁)၊ မြေကွက်ကြီးအမှတ်- (၈/၂)၊ အိမ်ရာကွက်ငယ်အမှတ်- (Bဘီ)၊ ဦးအောင်မင်းကြည်(HGU - ၁၀၈၁၅၉)အမည်ပေါက် ဧရိယာ (၃၀x၇၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင် ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်ခိုင်မွန်ကျော်(ဘ)ဦးကျော်ဝင်း [၁၂/ကမန(နိုင်) ၀၇၃၀၂၇]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ယုတင် [၁၂/မရက(နိုင်) ၀၀၀၃၂၃] နှင့် ဒေါ်သိန်းသိန်းထွေး [၁၂/ရပသ(နိုင်) ၀၃၆၆၇၉] တို့က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤသတင်းစာ ကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယုတင်နှင့် ဒေါ်သိန်းသိန်းထွေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေဇင်ဝင်း ( LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၂၄)**
**၁/ရ(၅)လမ်း၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း-၀၉-၄၂၁၀၃၀၆၈၇**

---

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မေဃဝတီတိုးချဲ့(၉)လမ်း၊ မြေကွက်ကြီးအမှတ်-(၁/န)၊ အိမ်ရာကွက်ငယ်အမှတ်-(၅၀၀)၊ ဦးကြည်ဝေ(CF - ၁၀၇၃၄၂)အမည်ပေါက် ဧရိယာ -(၄၀ x ၆၀)ပေအကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးကံလှ(ဘ)ဦးမောင်အေး[၁၂/လကန(နိုင်) ၁၃၁၈၆၅] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သီရိအောင် [၁၄/မမန(နိုင်) ၁၄၉၉၇၆] က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤသတင်းစာ ကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီရိအောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေဇင်ဝင်း ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၂၄)**
**၁/ရ(၅)လမ်း၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း-၀၉-၄၂၁၀၃၀၆၈၇**

## ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ မော်ဇာကျေးရွာအုပ်စုနှင့် မှုတ်ရှည်ကျေးရွာအုပ်စုတို့ရှိ သီဟိုဠ်သရက်စိုက်ပျိုးရေးဇုန်နှင့် စပ်လျဉ်း၍ ကြော်ငြာချက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ မော်ဇာကျေးရွာအုပ်စုနှင့် မှုတ်ရှည်ကျေးရွာအုပ်စုတို့ရှိ မြေဧရိယာ(၃၀၈၇.၉၁)ဧကကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်အား စိုက်ပျိုးလုပ်ကိုင်လိုသူ တောင်သူများသို့ သီဟိုဠ်သရက်စိုက်ပျိုးရန် (၂၈-၈-၁၉၉၂)ခုနှစ်မှစ၍ လုပ်ကွက်များ ချထားပေးခဲ့ပါသည်။ အဆိုပါချထားပေးခဲ့သည့် လုပ်ကွက်များအနက်(၃၁-၁၀-၂၀၂၅)ရက်နေ့အထိ အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသည့် လုပ်ကွက်များကို ပြန်လည်သိမ်းယူသွားမည်ဖြစ်ပါကြောင်း(၂၂-၈-၂၀၂၅)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ အသိပေးကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အချိန်ထိ အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသည့် လုပ်ကွက်များကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၈ ခုနှစ်)ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)နှင့်(၂)တို့အရ သိမ်းယူပြီးဖြစ်ကြောင်းနှင့် မည်သည့်အသနားခံစာကိုမျှ ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ ၎င်းမြေပေါ်ရှိ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့် အရပ်ရပ်တို့အားလည်း ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေ အနောက် (၉)လမ်း၊ မြေကွက်အမှတ်(၈၂၁/က)၊ (အလျား ၂၀ပေx အနံ ၆၀ပေ)၊ ဧရိယာ (၁၂၀၀)စတုရန်းပေ အကျယ်အဝန်းရှိ ဦးအေးလှိုင် [၁၂/သကတ(နိုင်) ၀၅၈၃၂၁]၊ ဒေါ်ခင်တင့် [၁၂/သကတ(နိုင်) ၁၁၄၅၄၇] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ နေအိမ်၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်အမည်ပေါက်သူများ ကွယ်လွန်ပြီးနောက် ၎င်းတို့၏သားသမီးများဖြစ်ကြသော **(၁) ဒေါ်သီဂီမော် [၁၂/သကတ(နိုင်) ၀၈၀၅၈၅]၊ (၂) ဒေါ်သင်းသင်းလှိုင် [၁၂/သကတ(နိုင်)၀၈၁၅၇၆]၊ (၃) ဒေါ်စုစုလှိုင် [၁၂/သကတ(နိုင်) ၀၈၁၅၇၇]၊ (၄) ဦးကျော်မင်းထွန်း [၁၂/သကတ(နိုင်)၁၄၄၄၆၇]** မောင်နှမ (၄)ဦးတို့က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်၍ အကျိုးခံစားခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးကျော်စိုးလွင် [၆/မအရ(နိုင်) ၀၀၀၁၇၁]၊ ဒေါ်နီနီဝေ [၆/မအရ(နိုင်) ၀၀၀၂၂၀]** တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရည်မွန်အောင်(LL.B) အထက်တန်းရှေ့နေ (စဉ်– ၅၀၆၁၂)**
**အမှတ်(၃၈၈)၊ ပျဉ်းမမြိုင်လမ်း၊ (က)ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၄၄၈၂၈၈၃၁၈**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ခ)၊ မြေကွက်အမှတ်(၁၃၇)၊ ဧရိယာ(၀.၁၂၇)ဧက၊ မြေကွက်တည်နေရာ အမှတ်(မ/၁၃၇)၊ ဂန္ဓမာလမ်း၊ ခရေပင်ရိပ်မွန်အိမ်ရာအပိုင်း(၂)၊ မင်္ဂလာဒုံမြို့နယ် ဦးမျိုးလွင် [၁၂/လကန(နိုင်)၀၃၀၂၅၇] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား မင်္ဂလာဒုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်– ၃၉/၂၅ ဖြင့် တရားလို ဦးဇော်ဇော်အောင်မှ တရားပြိုင် ဦးမျိုးလွင်အပေါ် ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု ဆောင်ရွက်ခဲ့ရာ တရားလို ဦးဇော်ဇော်အောင်မှ ရရှိခဲ့သော (၂၉-၇-၂၀၂၅)ရက်စွဲပါ တရားရုံးစီရင်ချက်နှင့် အနိုင်ဒီကရီ တရားရုံးကိုယ်စား လိုက်ပါဆောင်ရွက်ရန်အတွက် ဘီလစ် ဒေါ်နုနုလှိုင်အား ခန့်အပ်သည့် (၁-၉-၂၀၂၅)ရက်စွဲပါ မင်္ဂလာဒုံမြို့နယ်တရားရုံး၏ တရားမဇာရီမှုအမှတ်– ၄၈/၂၅ ၏ တရားရုံးနေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအပြီးသတ်အမိန့်၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) တရားရုံးသို့ တင်ပြသော (၂-၂-၂၀၁၀)ရက်စွဲပါ အရပ်ကတိအရောင်းစာချုပ်တို့တင်ပြ၍ ဘီလစ် ဒေါ်နုနုလှိုင် [၁၂/ဥကမ(နိုင်)၀၀၄၉၃၄] မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၁)ရပ်ကွက်၊ အမှတ် (၂၂၁)၊ (၄၀ပေx ၆၀ပေ)ဧရိယာအကျယ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေချပါမစ်တို့တွင် ဦးမြစိုး (AC-၀၄၆၅၀၇) အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်ကို ပါမစ်အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စန္ဒာဝင်း [၈/ခမန(နိုင်)၁၉၅၂၄၄]မှ အဆိုပါ မြေကွက်အား မိမိမှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထွေးထွေးဝင်း [၁/မညန(နိုင်) ၀၇၂၉၂၂]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား တရားဝင်စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်အောင်**
**အထက်တန်းရှေ့နေ (စဉ်– ၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂–ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၀၅၀၆၀၄၃**

### "ဒေါ်မေမေနု [၁၂/ဗဟန(နိုင်)၀၃၇၆၈၂]နှင့် ဒေါ်ကျော့ကျော့ခင် [၁၂/ဗဟန(နိုင်)၀၀၂၃၃၀]တို့အား အကြောင်းကြားတောင်းဆိုခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၉၊ မေတ္တာလမ်း၊ မြေကွက်အမှတ်(၄၁၄)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးမောင်မောင်ဇော် [၁၂/ကတတ(နိုင်)၀၂၄၃၅၇] အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက် ဦးမောင်မောင်ဇော်ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မြေနှင့်အိမ် အပြီးအပိုင်အရောင်းအဝယ်စာချုပ် အမှတ်–၂၆၂၂/၁၉၉၇ အရ ဒေါ်မေမေနုနှင့် ဒေါ်ကျော့ကျော့ခင်တို့ တရားဝင်ပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေနှင့်အိမ်ကို ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်အမည်ပြောင်း ဆောင်ရွက်ရန်အတွက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုရန် လိုအပ်နေပါသည်။ သို့ဖြစ်ရာ လူကြီးမင်းတို့အနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို လာရောက်ချုပ်ဆိုပေးရန် အကြောင်းကြားတောင်းဆိုအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ဆက်သွယ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း လူကြီးမင်းတို့ကို အကြောင်းကြားအသိပေးအပ်ပါသည်။ လူကြီးမင်းတို့ကို ဆက်သွယ်ရှာဖွေ၍မရသည့်အတွက် ယခုကဲ့သို့ သတင်းစာကြေညာရခြင်းဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၃၀၀)**
**အမှတ်(၁၆/ခ)၊ ရန်ကုန်လမ်း၊ (၆/၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ 09-420058553, 09-799466954**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ (၂၆) ရပ်ကွက်၊ ရွှေအင်ကြင်း (၃)လမ်း၊ မြေကွက်အမှတ်(၁၂၃၃)၊ အကျယ်အဝန်း ပေ(၄၀x၆၀) အကျယ်ရှိ ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လုံးချင်းအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးချစ်မွှေး [၁၂/လသယ(နိုင်)၀၀၈၈၉၅] အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်မှစတင်၍ အရောင်းအဝယ် ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော ဒေါ်ကြည်ကြည်တင် [၁၂/လသယ(နိုင်)၀၃၃၆၃၉] မှ အထက်ဖော်ပြပါ မြေကွက်အကျယ်အဝန်းပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်းပေ (၁၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အားလုံးတို့အား ၎င်းသာလျှင် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းလှဲ့လှဲ့ကျော် [၁၄/ပတန(နိုင်) ၁၇၈၃၈၆]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B) အထက်တန်းရှေ့နေ (စဉ်– ၃၅၈၉၄)**
**တိုက်အမှတ်(၉)၊ ပထမထပ်၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း – ၀၉-၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၄)၊ ဓမ္မစိန္တာလမ်း၊ မြေကွက်အမှတ် (၁၀၁၅)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့/မြေဌာန၌ ဒေါ်တင်နွယ်ဝင်းနှင့် ဦးရဲထွန်းဝင်း အမည်ပေါက်သည့် အကျယ်အဝန်း ပေ(၄၀x၆၀) မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော ပေ(၂၀x၆၀) (မြေကွက်အမှတ်– ၁၀၁၄ နှင့် ကပ်လျက်အခြမ်း)ရှိ ဂရန်မြေကွက်အား အရောင်းအဝယ်စပ်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဥပဒေနှင့်အညီ လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူ ဒေါ်ကေခိုင်ဦး [၁၂/တမန(နိုင်)၁၀၃၄၈၆]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄ ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်သူမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဆက်လက်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဥက္ကာအေး (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၆၄၁/၁၄-၆-၁၈)**
**အမှတ်(၇၇၆)၊ ဆည်မြောင်း– ၅ လမ်း၊ ၁၃–ရပ်ကွက်၊**
**ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉-၄၂၀၀၀၄၂၆၉**

### "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ လူနေရပ်ကွက်အမှတ်–ရွှေအင်ကြင်း၊ ဦးပိုင်မြေကွက်အမှတ်– ဒ-၄၆၀၂၊ မြို့မြေအမျိုးအစား၊ အငှားမြေ၊ ဧရိယာ (၀.၀၈၂)ဧက၊ (အလျား– ၆၀ပေ )x(အနံ– ၆၀ပေ) အကျယ်အဝန်းရှိ အမည်ပေါက် ဦးဖြိုးဝေထွန်း [၁၂/စခန(နိုင်)၀၅၆၁၀၈] ပိုင်ဆိုင်သောမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဖြိုးဝေထွန်း [၁၂/စခန(နိုင်)၀၅၆၁၀၈]ကိုယ်တိုင်မှ ဝန်ခံကတိပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ယင်းမာသင်း [၃/ကကရ(နိုင်)၁၅၆၄၅၃]မှ ယင်းတန်ဖိုးဖြင့် ဝယ်ယူရန်အတွက် ယခုအခါရောင်း ဖိုးငွေ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်၏ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိလျှင် မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ (၅)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယင်းမာသင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B)**
**တရာလွှတ်တော်ရှေ့နေ (စဉ်– ၁၁၀၀၅)**
**မနောသုခလမ်း၊ ရွှေဥဒေါင်းရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး။ ဖုန်း– ၀၉-၄၂၃၆၇၇၈၀၉**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး၊ RC ဆိုင်ခန်း အမှတ် (မ-၃)၊ ဆိုင်ခန်း (၁)ခန်းအား ရန်ကုန်မြို့၊ သုဝဏ္ဏ၊ မင်းဒင်လမ်း၊ အမှတ် (၁၅/၅)နေ ဦးမျိုးဇော်ဦး [၁၂/သဃက(နိုင်)၀၀၀၃၈၂] အမည်ပေါက် ပိုင်ဆိုင်ပြီး ဥတ္တရသီရိမြို့နယ်၊ လားရှိုး (၆)လမ်း၊ အမှတ် (ဥ-၅၈၉၁)နေ ဦးရဲလွင်ငြေး[၈/မလန(နိုင်) ၀၄၅၅၈၃] သို့ အခွန်ထမ်းအမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်– ၇-B နံ့သာကုန်း၊ မြေကွက် အမှတ်– ၁/င၊ ဧရိယာ– ၀.၄၇၉ ဧက၊ မြေကွက်တည်နေရာ– အမှတ်– ၆၁၊ သာယာကုန်းလမ်း၊ နံ့သာကုန်း ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးရန်အောင် [၁/မညန(နိုင်)၀၇၂၇၇၂] အမည်ပေါက် မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက် ဦးရန်အောင်[၁/မညန(နိုင်)၀၇၂၇၇၂] ကိုယ်တိုင်မှ အမည်ပေါက်စာချုပ်ဖြစ်သော စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စွန့်လွှတ်စာချုပ်အမှတ်– ၇၈/ ၂၀၀၇ (၁၅-၁-၂၀၀၇) (လက်ခံအမှန်) စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ် (၃၂၉)၊ ငုဝါမြိုင်(၂)လမ်း၊ အမှတ်(၃၂၉) ဟုခေါ်တွင်သော နှစ်(၆၀) ဂရန်အမျိုးအစား ဦးကြည်ဝင်း (ALN-၀၀၅၁၈၃) [၁၂/ဗဟန(နိုင်) ၀၇၁၀၃၁] အမည်ပေါက် အကျယ်အဝန်း (အလျား ၄၄ ပေx အနံ ၆၅ပေ)အကျယ်ရှိ မြေအနက်မှ ခေါင်းရင်းခြမ်း (အလျား ၂၁ပေx အနံ ၆၅ပေ) အကျယ်ရှိ အိမ်နှင့်မြေ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်တင်တင်မော် [၁၂/ဥကမ(နိုင်)၀၀၃၆၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခိုင်စုယဉ် [၉/မဟမ(နိုင်)၀၀၁၁၀၁]မှ ဝယ်ယူရန် အတွက် အရောင်းအဝယ်အဖြစ် ရောင်းဖိုးစရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်းအိမ်မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်လွင်မာဦး (LL.B)** | **ဒေါ်ဖြူဇင်ဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၅၁၁)** | **အထက်တန်းရှေ့နေ(စဉ်–၄၈၁၉၆)** |

**အမှတ်(၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉-၂၅၉၆၈၆၀၈၈**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး Wet Market ဆိုင်ခန်း၊ ဆိုင်ခန်းအမှတ် W–ရုံ(၂)၁၂၊၁၁၊ ၁၂၊၂၁၊၂၂၊ ၃၁၊ ၃၂) ဆိုင်ခန်း(၈)အား ဒက္ခိဏသီရိမြို့နယ်၊ သပြေလမ်းနှင့် ကလျာလမ်းထောင့်၊ အမှတ်(၁၀၀၅/၁၀၀၆) နေ ဒေါ်စန်းစန်းငြေး[၉/မထလ(နိုင်)၁၇၉၃၂၈] အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ လားရှိုး(၆)လမ်း၊ အမှတ်(၅၈၉၁)နေ ဒေါ်သင်းသင်းထွန်း [၉/မသန (နိုင်) ၁၀၂၈၃၁]သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်နှင့် အသိပေး ကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ မြေကွက်အမှတ်(JM-၁၁၃)၊ ဦးမန်းစိန်း (ဘ) ဦးဖန်စုန်းရီ [၉/မရမ(နိုင်)၀၆၉၈၈၀] အမည်ပေါက် မြေကွက်၏ မြေပေးမိန့်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်းမှတ်ပုံတင်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြ၍ မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးမိန့်(မူရင်း)အား ပယ်ဖျက်၍ မိတ္တူမှန်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်း ရာထူး (၂၀)နေရာအတွက် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ရာထူး/လစာနှုန်း | ရာထူးနေရာ | အနိမ့်ဆုံးပညာအရည်အချင်း |
|---|---|---|---|
| (က) | ဘူမိဗေဒလက်ထောက်(၂) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ (အမျိုးသား) | (၁၀)နေရာ | သိပ္ပံဘွဲ့ (ဘူမိဗေဒ) |
| (ခ) | ဘူမိဓာတုဗေဒလက်ထောက်(၂) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ (အမျိုးသား/အမျိုးသမီး) | (၃)နေရာ | သိပ္ပံဘွဲ့(ဘူမိဗေဒ/ဓာတုဗေဒ) |
| (ဂ) | ဘူမိရူပဗေဒလက်ထောက်(၂) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ (အမျိုးသား) | (၂)နေရာ | သိပ္ပံဘွဲ့(ဘူမိဗေဒ/ရူပဗေဒ) |
| (ဃ) | အငယ်တန်းအင်ဂျင်နီယာ(၂) (လွန်တူး) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ (အမျိုးသား) | (၄)နေရာ | B.Tech (Mining/ Mech;), A.G.T.I (Mining/ Mech;) |
| (င) | စာရင်းကိုင်(၂) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ (အမျိုးသား/အမျိုးသမီး) | (၁)နေရာ | B.Com (or) B.Act (or) B.Econ(Stat;) (or) B.Econ(Eco;) |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက် (၃၀)နှစ်မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် မကျော်လွန်သူဖြစ်ပြီး လက်ရှိဌာန အကြီးအမှူး၏ ခွင့်ပြုချက်မူရင်းပါရှိရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဃ) ဦးစီးဌာနတွင် တစ်ဆက်တည်း အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။
- (င) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
- (စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း(Removal) ခံရသူများ၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါ အချက်များကို ပြည့်စုံစွာဖော်ပြရမည်-
- (က) အမည် -
- (ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် -
- (ဂ) မွေးသက္ကရာဇ်၊ အသက် -
- (ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ -
- (င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့်ကျောင်း -
- (စ) လျှောက်ထားလိုသည့်ရာထူး -
- (ဆ) မိဘအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင် -
- (ဇ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်၊ ဌာနနှင့်လုပ်သက်-
- (ဈ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်-
- (ည) ဆက်သွယ်ရန် နေရပ်လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ်နှင့် E-mail-

၄။ လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာ ရာထူးအလိုက် လိုအပ်သည့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည် -
- (က) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)မိတ္တူ
- (ခ) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ (လူတွေ့ဖြေဆိုချိန်တွင် မူရင်းတင်ပြရမည်)
- (ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိ အလုပ်သမား မှတ်ပုံတင်ကတ်ပြား မိတ္တူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း
- (ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော (၁.၅"x၁.၇၅") နောက်ခံအပြာရောင် ရောင်စုံလိုင်စင်ဓာတ်ပုံ (၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသားဖော်ပြရမည်)
- (င) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ထုတ်ပေးထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲစခန်း၏ ထောက်ခံချက်မူရင်း။
- (စ) နိုင်ငံ့ဝန်ထမ်း မဟုတ်သူများအတွက် (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာမူရင်း။
- (ဆ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသော အထောက်အထား မိတ္တူများ။
- (ဇ) စာမေးပွဲဝင်ကြေးငွေ ကျပ် ၁၀၀၀၀/- ပေးသွင်းထားသည့် ငွေသွင်းချလန်မူရင်း။

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(ရုံးအမှတ်-၁၉) www.mining.gov.mm တွင် ရယူ၍လည်းကောင်း၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ရုံးအမှတ်(၁၉)(B)၊ နေပြည်တော်တွင်လည်းကောင်း အခမဲ့လာရောက်ထုတ်ယူ၍ လျှောက်လွှာပါအချက်အလက်များအား ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်လျှောက်ထားရမည်ဖြစ်ပါသည်၊ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ရုံးအမှတ်(၁၉)(B)၊ နေပြည်တော်သို့ လိပ်မူပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း၊ (၈-၁၂-၂၀၂၅)ရက်နေ့အရောက် နောက်ဆုံးထားပေးပို့ လျှောက်ထားရပါမည်၊ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက် မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ်အရည်အချင်းနှင့်မကိုက်ညီသူများကို လက်ခံ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ကို နီးစပ်ရာမြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်ရှိ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-011070 သို့ ပေးသွင်းရမည်ဖြစ်ပြီး စာရင်း အမှတ်အောက်ရှိ ကွက်လပ်တွင် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ လျှောက်ထားမည့် ရာထူးအမည်ဖော်ပြပြီး စာမေးပွဲဝင်ကြေးပေးသွင်းခြင်းဟု ဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ(၁)စုံအား သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသို့ ပေးပို့လျှောက်ထားရမည်။

၈။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန(ရုံးအမှတ်-၁၉) www.mining.gov.mm နှင့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ဌာနကြော်ငြာသင်ပုန်းတွင် ကြေညာပေးထားမည်ဖြစ်သည်။

၉။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် သက်ဆိုင်ရာဘာသာရပ်မေးခွန်းများကို (၁၄-၁၂-၂၀၂၅)ရက်နေ့တွင် ရေးဖြေစာမေးပွဲ စစ်ဆေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့ နှုတ်ဖြေ စစ်ဆေးမှုပြုလုပ်မည်ဖြစ်ပါသည်။

၁၀။ ဖြေဆိုခွင့်ကတ်ပြားများကို (၁၀-၁၂-၂၀၂၅)ရက်နေ့၊ (၁၁-၁၂-၂၀၂၅) ရက်နေ့နှင့် (၁၂-၁၂-၂၀၂၅)ရက်နေ့များ၌ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာန၊ အုပ်ချုပ်ရေးနှင့်စီမံရေးရာဌာနခွဲ၊ အုပ်ချုပ်ရေးဌာနစုတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ပြီး တက္ကသိုလ်ဝင်တန်းအောင် လက်မှတ် (မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း) များနှင့် မိမိလျှောက်ထားသည့် ရာထူးနှင့် သက်ဆိုင်သောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ထုတ်ယူရမည်ဖြစ်ပြီး မပါရှိပါက ဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည်မဟုတ်ပါ။

၁၁။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၆၇၃-၄၁၀၉၆၈၂၊ ၀၆၇၃-၄၁၀၉၆၉၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်း ဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာနေ (ဘ) ဦးမိုးကျော်၏သမီး မဇင်မာစိုး [၁၂/ထတပ (နိုင်) ၁၄၇၉၀၁]၏ မွေးသက္ကရာဇ်အမှန်မှာ (၂၉-၁၂-၁၉၉၅)ဖြစ်ပါကြောင်း။

## မှတ်ပုံတင်အမှန်နှင့် ပတ်စ်ပို့အမှန် ဖြစ်ကြောင်း

(ဘ) ဦးထွန်းထွန်းနောင်၏သား မောင်စွမ်းပြည့်နောင်၏ မှတ်ပုံတင် [၁၂/ဗတထ (နိုင်) ၀၄၆၇၅၉] နှင့် နိုင်ငံကူးလက်မှတ် (MK-520595)သည် အမှန်ဖြစ်ပါကြောင်း။

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန
## ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)
## ပို့ကုန်လုပ်ငန်းစတင်လုပ်ကိုင်နည်းရက်တိုသင်တန်း
## (အမှတ်စဉ်-၁၆)
## သင်တန်းသားခေါ်ယူခြင်း

| | | | |
|---|---|---|---|
| (က) | သင်တန်းကာလ | - | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်မှ ၂၁ ရက်နေ့ထိ |
| (ခ) | သင်ကြားမည့်နေ့ရက်များ | - | တနင်္လာနေ့မှ သောကြာနေ့ထိ (၅) ရက်သင်တန်း |
| (ဂ) | သင်တန်းအချိန် | - | နံနက် ၉:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီထိ |
| (ဃ) | သင်တန်းသားဦးရေ | - | (၅၀) ဦး |
| (င) | သင်တန်းတည်နေရာ | - | အမှတ်(၂၂၈/၂၄၀)၊ စတုတ္ထထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| (စ) | သင်တန်းဝင်ခွင့်လျှောက်လွှာနှင့်အတူပါရှိရမည့် စာရွက်စာတမ်းများ | - | တစ်လက်မပတ်လည်ဓာတ်ပုံ (၃) ပုံ၊ ဘွဲ့(သို့မဟုတ်)တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။ |
| (ဆ) | ဆက်သွယ်ရန်ဖုန်းနံပါတ် | - | ၀၁၈-၂၅၀၈၇၁၊ ၀၉-၇၉၅၃၀၈၁၉၅၊ ၀၉-၄၄၂၃၄၃၈၀ |

(သင်တန်းကို တစ်လလျှင်တစ်ကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ပြီး လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းနိုင်ပါသည်)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်(၇၇)၊ (၄၀ပေx ၆၀ပေ)ရှိ ဦးအေးဝင်း အမည်ပေါက် (ပါမစ်)မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမျိုးသက် (ဘ) ဦးတင်ထွန်း [၈/ခမန(နိုင်)၁၃၄၉၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမိုးကျော်သူ [၁၂/သလန(နိုင်) ၁၀၀၁၉၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့် နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၁၂၃၀)**
**အမှတ်(၉)၊ မင်္ဂလာလမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း- ၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ ရာဇသင်္ကြန်(၇)လမ်း၊ မြေကွက်အမှတ် (၃၀၂/ခ)၊ အကျယ်အဝန်း (အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ ဒေါ်ယဉ်မင်းစိုး အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော ဒေါ်ယဉ်မင်းစိုး[၇/ဒဥန(နိုင်) ၀၀၁၅၇၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အမာရီ [၉/နထက(နိုင်)၀၀၆၃၆၆]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အမာရီ ၏လွှဲအပ်ချက်အရ -**

**ဒေါ်အေးမြသီတာ LL.B (စဉ်- ၁၁၉၀၁)** **ဒေါ်အေးသန္တာမင်းအောင် LL.B, D.B.L (စဉ်- ၁၁၉၀၄)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၆၈)၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။ ၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၀၇၂၄၉၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ ယမနေ(၇)လမ်း၊ မြေကွက်အမှတ် (၇၆၅)၊ မြေအကျယ်အဝန်း (၄၁ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၅၆) ဧက၊ (၂၄၆၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်အေးအေးခိုင် [၁၂/သကတ(နိုင်)၁၁၅၃၁၈]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B) (စဉ်- ၁၁၄၀၆)** **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B) (စဉ်- ၅၆၆၆၂)**

**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ပန်းသဇင်ကျော်(LL.B) (စဉ်- ၅၆၈၂၃)** **ဒေါ်သက်ထားခိုင်(LL.B) (စဉ်- ၅၆၈၇၅)**

**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၁၁၄၆၅၄၊ ၀၉-၄၂၀၈၈၆၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၄-ရပ်ကွက်၊ ချယ်ရီ(၄)လမ်းဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ်(င/၁၂)၊ မြေကွက်အမှတ် (၄၄၃)၊ မြေအကျယ်အဝန်း အလျား(၆၀)ပေ၊ အနံ(၆၀)ပေကျေရှိ ဦးလှသိန်း [၉/မရတ(နိုင်) ၀၀၆၇၆၉] (MTA-050078) အမည်ပေါက် ပါမစ်မြေ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (၂၇-၅-၂၀၂၃)ရက်နေ့တွင် ပြုလုပ်ချုပ်ဆိုသည့် နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ်စာချုပ်အရ ဦးထွန်းမြင့်လွင် [၇/ကဝန(နိုင်)၀၁၉၇၉၄ ]မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထို့နောက် ဦးထွန်းမြင့်လွင်ထံမှ (၂၇-၅-၂၀၂၃)ရက်နေ့တွင် ပြုလုပ်ချုပ်ဆိုသည့် နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ်စာချုပ်အရ ဒေါ်စောကြည် [၅/ကလဝ(နိုင်) ၀၁၄၀၀၃]မှ တရားဝင်လက်ဝယ်ရရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇-ရက်) အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးရီ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၄၃၇၃)**
**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၁၈)၊ မြေကွက်အမှတ် (၁၅၁၂/ခ)၊ အကျယ်အဝန်း (အလျား- ၂၀'x အနံ-၆၀')၊ ဧရိယာ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၇၀)၊ ဇင်ယော်လမ်း၊ (၁၈-K)ရပ်ကွက်ဟုခေါ်တွင်သည့် မြေကွက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ ဒေါ်ပို [၁၂/တမန(နိုင်)၀၆၆၆၈၄] ကိုင်ဆောင်သူအမည်ပေါက်လျက်တည်ရှိပြီး ၎င်းအမည်ပေါက်ထံမှ (၂၀-၁၁-၉၈)ရက်နေ့ နှစ်ဦးသဘောတူမြေကွက်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်အကျိုးခံစားခွင့် ပိုင်ဆိုင်ရရှိထားပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်ကျင်ဌေး [၁၂/ဥကတ(နိုင်)၀၈၄၁၇၇/ PDG-၀၆၉၄၀၅] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သည့်အတွက် ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မေပြည့်စုံ (ခ) ဒေါ်ပွင့် (LLB, DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၀၉၃)**
**အမှတ်(၅၅)၊ အခန်း (၁၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၁၂၅၇၉၅၊ ၀၉-၇၆၅၀၅၃၄၂၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/ဘဝမြင့်)၊ ရတနာလမ်း၊ မလိခဥယျာဉ်အိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်တွင် ဆောက်လုပ်ထားသော Malikha Condominium ၁၂ ထပ်ခွဲတိုက် (မြေညီ+ကားပါကင်+Lift)ပါ အဆောက်အဦမှ Tower-D၊ Level (6)၊ UnitType-(D4)၊ အခန်းအမှတ်(06-04)၊ အကျယ်အဝန်း (၉၂၂.၉၆)စတုရန်းပေ ခန့်ရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်စပ်လျဉ်းသည့် ရေ၊ မီးအစုံအလင်ပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိ လက်ဝယ်ပိုင်ဆိုင်ထားသူ **ဒေါ်သီတာ [၁၂/အစန(နိုင်) ၁၅၅၅၃၅]**မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B) (စဉ်- ၁၁၄၀၆)** **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B) (စဉ်- ၅၆၆၆၂)**

**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ပန်းသဇင်ကျော်(LL.B) (စဉ်- ၅၆၈၂၃)** **ဒေါ်သက်ထားခိုင်(LL.B) (စဉ်- ၅၆၈၇၅)**

**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၁၁၄၆၅၄၊ ၀၉-၄၂၀၈၈၆၉၁**

## ဦးမင်းဆွေ

**(ကျောက်ဆည်)**

**အသက်(၈၇) နှစ်**

ဝမ်းတွင်းမြို့နေ( ဦးသန်းဖေ–ဒေါ်မြမြ)တို့၏ သားကြီး၊ ကူမဲမြို့နေ (ဦးသိန်းမောင်–ဒေါ်ကြင်ဆိုင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဂီတမာလာလမ်း၊ ခြံအမှတ်(၆၉)နေ (ဒေါ်တင်တင်အုန်း)၏ ခင်ပွန်း၊ မန္တလေးမြို့နေ ဦးသန့်ဇင်–[ဒေါ်တင်တင်အေး(ခ)ဒေါ်အမာ]၊ ဝမ်းတွင်းမြို့နေ ဦးမြင့်တင်–ဒေါ်ခင်သစ်၊ (ဦးအောင်ဆွေ–ဒေါ်နှင်းနှင်းဆွေ)၊ (ဦးအောင်ငွေ)–ဒေါ်ခင်အေးမြင့်၊ မန္တလေးမြို့နေ ဦးခင်မောင်ထွေး–ဒေါ်စန်းစန်းမြင့်၊ သာစည်မြို့နေ ဦးစိုးလွင်–ဒေါ်မြင့်မြင့်သန်းတို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့နေ ဦးမြင့်ဆွေ–ဒေါ်မိုးမိုးလှိုင် (ကောင်းမြတ်ထက်အထည်ဆိုင်၊ မင်္ဂလာဈေး)၊ ဦးအောင်သန်း–ဒေါ်သိန်းသိန်းလှိုင်(USA)တို့၏ ဖခင်၊ မောင်ကောင်းမြတ်ထက်၊ မသင်းမြတ်စံပယ်သန်း(USA)တို့၏အဘိုး ဦးမင်းဆွေသည် ၆–၁၁–၂၀၂၅ (ကြာသပတေးနေ့) နံနက် ၉:၄၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၈–၁၁–၂၀၂၅ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြရီ

**(ဦးစီးအရာရှိ–ငြိမ်း)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး**

**အသက်(၈၁) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၂)ရပ်ကွက်၊ ဇေယျဝတီ (၁)လမ်း၊ အမှတ်(၂၄၈၇/က)နေ (ဦးကျော်ညွန့်–ဒေါ်ဝင်း)တို့၏သမီး၊ (ဦးမောင်တင်–ဒေါ်ဖွားသစ်) တို့၏သမီး/ချွေးမ၊ (ဦးသောင်းကြည်–ဒေါ်စီစီလွင်)၊ (ဒေါက်တာဥာဏ်ထွန်း)–ဒေါ်မြင့်မြင့်ဌေး၊ (ဦးချစ်ညွန့်–ဒေါ်တင်လှ)၊ဒုတိယဗိုလ်မှူးကြီး ဦးဟန်လင်း(ငြိမ်း)–ဒေါ်ချိုချိုရီ၊ ရဲမှူးဝင်းမြင့်(ငြိမ်း)–ဒေါ်ဝါဝါမြင့်(အထက–၁၊ ဒဂုံ)၊ ဦးဝင်းဗိုလ်–ဒေါ်မာမာဦး၊ ဦးမြင့်ထွေး–ဒေါ်ခင်စန်းကြည်တို့၏အစ်မ၊ (ဦးသန်းရှိန်)၏ချစ်လှစွာသောဇနီး၊(ဦးဇော်လွင်ဦး)–ဒေါ်ကြည်ကြည်အေး၊ ဦးမျိုးဝင်း–ဒေါ်သင်းသင်းကြူ၊ ဦးသန်းမောင်–ဒေါ်အေးအေးငြိမ်း၊ (ဦးကျော်ကျော်ဦး)–ဒေါ်အေးယုလွင်၊ (ဦးမြင့်သူ–ဒေါ်ဝင်းမာသိန်း)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ခြောက်ယောက်၊ မြစ် တစ်ယောက်တို့၏အဘွားသည် ၅–၁၁–၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ယင်းနေ့ ညနေ ၄ နာရီတွင် နေအိမ်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ မြင့်မြတ်သောဘုံဌာနသို့ ရောက်ပါစေခြင်းအကျိုးငှာ ဘုရားအမှူးရှိသော ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း အစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှပေးဝေမည်ဖြစ်ပါသဖြင့် ၁၁–၁၁–၂၀၂၅ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ထိန်စွန်းကျေးရွာ၊ ထိန်စွန်း(၇)လမ်း၊ ကွင်းအမှတ်–(၅၂၁ B)၊ ကိုးလုံးအရှေ့ကွင်း၊ ဦးပိုင်အမှတ် (၃၉/၅၆)၊ ဦးစန်းလွင် အမည်ပေါက် ဧရိယာ (၀.၄၈)ကေအနက်မှ ဧရိယာ (၈၀x၁၀၀)ပေခန့် အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးစန်းလွင်(ခ)ဦးကျင်စိုး (ဘ) ဦးမောင်စာ [၁၂/ဒလန(နိုင်)၀၀၇၂၄၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကျင်အောင် [၁၂/မရက(နိုင်)၀၆၃၇၅၆]က အပိုင်ဝယ်ယူရန် အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျင်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဆွေဇင်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၀၂၄)**
**၁/ရ (၅)လမ်း၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက်၊**
**လှည်းကူးမြို့။ ဖုန်း ၀၉–၄၂၀၃၀၆၈၇**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ မြေကွက်အမှတ်(၄၉၇)၊ မြကျောင်းသာလမ်း၊ (၈၅)ရပ်ကွက်၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိသော ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ပါမစ်အမည်ပေါက် ဒေါ်တင်တင်ဝင်း [၁၀/မလမ(နိုင်)၀၂၄၇၄၃]အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း(၂၀ x ၆၀)ပေ ပါမစ်မူရင်းနှစ်ရွက် (၂+၄)ကို ဝယ်ယူခြင်းဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ရီရီမော် [၇/ကကန(နိုင်)၀၄၅၁၇၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးငြိမ်းချမ်း [၈/ပခက(နိုင်)၂၄၃၂၄၃]၊ ဒေါ်မေသင်းရီလင်း[၁၂/သကတ(နိုင်)၁၆၂၀၈၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် (၃၀–၁၀–၂၀၂၅)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်နှင့်မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် [LLB, WIPO ( Switzerland )]**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၆၇၆၈၃၂၀၄၊ ၀၉–၄၅၀၂၇၉၄၆၈**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်– ၂ ရပ်ကွက်၊ အကွက်အမှတ် [၈၂၁–က (အ.န.က)]၊ ဦးပိုင်အမှတ် (င–၅)၊ ၆၁ လမ်း၊ ၃၅x၃၆ လမ်းကြားရှိ ဦးကွမ်းမြင့် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၅၀၁/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဦးတာချမ်း (ခ) တာချန်း၊ ဦးဝမ်ချမ်း၊ ဒေါ်လန်ချမ်းတို့ (၃)ဦးအနက် ဦးဝမ်ချမ်းပါ (၂)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၄၉၇/၂၀၂၅)ဖြင့် လက်ခံခဲ့သူ ဦးတာချမ်း(ခ) တာချန်း [၉/မမန (နိုင်) ၀၂၀၄၆၉]က အမှုတွဲအမှတ်(၃၃၂၃/၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## "အထူးဝမ်းနည်းကြေကွဲခြင်း"

နာယကကြီး ဟာဂျီမ ဒေါ်ဇော်ရာဘီ(ခ)ဒေါ်မြမြသန်း အသက် (၁၀၀)နှစ်သည် ၂၇–၁၀–၂၀၂၅ (တနင်္လာနေ့) ည ၉ နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားကြောင်း ကြားသိရသည့်အတွက် အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ဆွေဆွေအောင် (ခ) ဒေါ်စန္ဒြာအောင်

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့နေ ဦးတင်အောင်–(ဒေါ်ကြည်ကြည်တင့်)တို့၏ ချစ်လှစွာသောသမီး၊ ဦးစန်းအောင်–ဒေါ်ညွန့်ညွန့်စိန်တို့၏ ညီမ၊ ကမာရွတ်မြို့နယ်၊ ပတ္တမြားလမ်း၊ အမှတ် (၁၉၀)၊ ပထမထပ်နေ ဦးမျိုးသူရိန်၏ဇနီး၊ ဦးရန်နောင်မျိုး–ဒေါ်နွယ်နွယ်မြင့်သန်း၊ ဦးမင်းနောင်မျိုး–ဒေါ်စုစုခိုင်၊ ဦးပိုင်နောင်မျိုး–ဒေါ်အိအိမျိုးအောင်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ငါးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၇–၁၁–၂၀၂၅ (သောကြာနေ့) နံနက် ၄:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၉–၁၁–၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးအောင်ခိုင်

**ဦးစီးအရာရှိ(ငြိမ်း)၊ နယ်စပ်စည်ပင်**

**အသက် (၄၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ရတနာပုံ (၁၁)လမ်း၊ အမှတ်(၉၉၆)နေ ဦးသက်နွယ်–(ဒေါ်သန်းညွန့်)တို့၏ သားငယ်၊ ဒေါ်လှဲ့လှဲ့ဝေ၊ ဦးအောင်ဆွေညွန့်–ဒေါ်ဌေးဌေးခိုင်၊ ဦးမြင့်သူ–ဒေါ်လှလှသန်းတို့၏ ညီ/မောင်၊ မစန္ဒီမြင့်၊ မောင်ဘုန်းပြည့်ဟိန်း၊ မဟေသာအောင်ဆွေ၊ မောင်သုတအောင်ဆွေတို့၏ ဦးလေးဖြစ်သူ ဦးမျိုးအောင်ခိုင် သည် ၆–၁၁–၂၀၂၅(ကြာသပတေးနေ့) ညနေ ၄:၂၃ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၈–၁၁–၂၀၂၅ (စနေနေ့) ညနေ ၃ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် စတင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၃)လမ်း၊ အမှတ်(၄၇၇)၊ မြေတိုင်း(ဃ)၊ မြေကွက်အမှတ်(၄၇၇ ဦ)၊ ဒေါ်အုန်းခင် အမည်ပေါက် အကျယ်အဝန်း(၂၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အရောင်းအဝယ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အပါအဝင် တွယ်ဆက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိ၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဒေါ်ဝင်းသန္တာ [၁၂/သလန (နိုင်) ၁၁၄၀၁၆]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလင်းထက်ကိုက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးယဉ်ထွန်း(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၉၅၁)**
**ရုံးခန်း–အမှတ် (၁၀/၉၇)၊ နွယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း– ၀၉–၄၂၁၁၀၂၅၆၄**

---

## ကြော်ငြာစာ

**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ– ၂၈၃**

**မှော်ဘီခရိုင်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၃၉**

**ကွယ်လွန်သူ ဦးအေး၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

**ဦးဝင်းဘို** — **လျှောက်ထားသူ**

**မ–မရှိ၊ ကွက်သစ်ရပ်ကွက်၊ ချောင်းသာယာ၊ လက်ပံတန်းစုကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအေး** ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို **၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့၊ (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၃ ရက်နေ့)**တွင် ချိန်းဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအေး၏ ကျန်ရစ်ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော **၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့၊ (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၃ ရက်နေ့) နံနက် (၁၀)နာရီ**တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူများ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချလိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(ဝင်းခင်မိုးဆင့်)**
**ခရိုင်တရားသူကြီး**
**မှော်ဘီခရိုင်တရားရုံး**

---

## ဒေါ်လှလှ

**အသက် (၈၃)နှစ်**

ရန်ကုန်မြို့နေ (ဦးဘရှင် – ဒေါ်စောလှိုင်)တို့၏ သမီး၊ (ဦးရဲနိုင်)၏ ဇနီး၊ ဦးသိန်းတန် – ဒေါ်ကြည်ကြည်ဌေး၊ (ဦးသန်းကြွယ်–ဒေါ်စန်းရီ)၊ (ဒေါ်ကြည်ကြည်–ဦးတင်ထွဋ်)၊ ဒေါ်အေးအေး–ဦးတင်နိုင်သိန်းတို့၏ ညီမ/အစ်မ၊ Capt ဆန်းမင်း–ဒေါ်သင်းစပယ်ဆွေ၊ Capt. ဖြိုးမင်းနိုင်–ဒေါ်စောမြတ်သူဇာ၊ (Dr. ရဲမင်းနိုင်)–Dr. စန္ဒာမြင့်၊ သား သုံးယောက်တို့၏မိခင်၊ မြေး ခြောက်ယောက်တို့၏ အဘွားသည် ၇–၁၁–၂၀၂၅ (သောကြာနေ့) နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉–၁၁–၂၀၂၅ (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ခံယူခြင်း**

## ဦးတင်အောင်(ခ) စွလ်သန်းဘိုင်

**အသက်(၇၅) နှစ်**

ရန်ကုန်မြို့နေ [ဟာဂျီ ဦးမောင်မောင်လေး (ခ) အဗ္ဗဒူရာမန်–ဒေါ်ကြွေ]တို့၏ သားထွေး၊ (ဦးဝင်းမောင်ဦး–ဟာဂျီမဒေါ်ခင်စန်းမြင့်)တို့၏ သားသမက်၊ အမှတ် (၁၀၀)၊ (၃၈)လမ်း(အောက်)၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ဝင်းဝင်းဌေး၏ ခင်ပွန်း၊ သား မောင်ပိုင်စိုးသူ–မရွှေရည်မင်းလတ်တို့၏ ဖခင်သည် ၅–၁၁–၂၀၂၅ ရက်တွင် အလ္လာဟ်အရှင်မြတ်အမိန့်ခံယူသွား၍ ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၅)၊ မြေကွက်အမှတ်(၃၅၅)၊ နဝဒေးလမ်း၊ (၁၂၅)ရပ်ကွက်၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိသော ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ပါမစ်အမည်ပေါက် ဒေါ်ချိုချိုဝင်း (TAA–၀၄၈၆၅၇) အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၁၀x၆၀)ပေ ပါမစ်မိတ္တူခြမ်းကို ဝယ်ယူခြင်းဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်သော ဦးမောင်မောင်လွင် [၇/မညန(နိုင်)၀၆၅၁၆၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးသော(န်)လာလ် [၇/ဖမန(နိုင်) ၂၁၆၆၀၆] က အပြီးအပိုင်ဝယ်ယူရန်အတွက် (၅–၁၁–၂၀၂၅)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် [LLB, WIPO (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၉၆၇၆၈၃၂၀၄၊ ၀၉–၄၅၀၂၇၉၄၆၈**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၅၂)၊ ဦးပိုင်အမှတ်(၂၂)၊ ၃၄x၃၅ ကြား၊ ၆၈x၆၉ လမ်းကြားရှိ ဦးမောင်မောင် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၃၃၉/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ခင်မာဦး၊ ဦးကျော်စိုးမင်း၊ ဒေါ်ခင်မျိုးအေး၊ ဦးထွန်းထွန်းမင်းတို့ထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၂၃၆၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ထက်ထက်ဝင်းဦး [၉/မဟမ(နိုင်) ၀၀၂၁၀၅]က အမှုတွဲအမှတ်(၃၃၂၅/၂၀၂၅–၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အကွက်အမှတ် (၅၉၇)၊ ဦးပိုင်အမှတ် (၄၄)၊ စစ်ကိုင်း–မန္တလေး ကားလမ်းဘေးရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တုတ်ထံမှ အပေးစာချုပ်အမှတ် (၅/၂၀၀၈) ဖြင့် လက်ခံခဲ့သူ ဒေါ်ခင်မိမိလှိုင် [၉/အမရ (နိုင်) ၀၅၉၈၅၇]က အမှုတွဲအမှတ် (၃၃၁၂/၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၇)ရပ်ကွက်၊ ပိတောက်မြိုင်ပတ်လမ်း၊ အမှတ်(၇၁၃)၊ အကျယ်အဝန်း အလျား(၄၀)ပေx အနံ(၆၀)ပေ၊ ဧရိယာ(၀.၀၅၅)ကေရှိ ဦးသောင်းရွှေ ISN (၅၄၈၀၉၄) အမည်ပေါက်ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ကာ ဥပဒေနှင့်အညီ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းယုယုသိန်း [၁၀/သထန(နိုင်)၁၅၃၃၂၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဒေါ်ဖြိုးအိမွန် [၇/ညလပ(နိုင်)၁၄၁၈၈၉]နှင့် ဦးမျိုးမင်းစိုး [၇/ညလပ(နိုင်)၁၄၃၉၂၁]တို့မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိသူ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်လွင်မာဦး (စဉ်–၄၅၀၄၄/၂၀၁၄)** — **ဒေါ်ယွန်းလဲ့လဲ့ထွန်း (စဉ်–၄၇၆၇၀/၂၀၁၆)**

**အထက်တန်းရှေ့နေများ**
**အမှတ်–၉၀၄(က+ခ)၊ ၄–လွှာ၊ ရတနာပုံ(၅)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉–၄၂၂၁၁၃၉၉၀၊ ၀၉–၇၉၅၇၆၁၁၄၃**

---

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- ရိုးရိုးမီးလုံး၊ မီးချောင်းထက် Energy Saving Lamp ကို ရွေးချယ် အသုံးပြုသင့်သည်။
- Energy Saving Lamp ထက် LED မီးလုံး မီးချောင်းများကို ရွေးချယ် အသုံးပြုသင့်သည်။



❖ ပညာတတ်များဖြစ်မှသာလျှင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့်နိုင်ငံ၏ အကျိုးကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၁၀ ရက်နေ့တွင် စစ်ကိုင်းမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီနှင့် ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၇

အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီနှင့် ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။ ကြေးမုံ

# တပ်မတော်စစ်ကြောင်းများက PDF အမည်ခံ ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် ဆည်တော်ကြီးရေလှောင်တမံနှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိ

နေပြည်တော် နိုဝင်ဘာ ၇

နိုင်ငံတော်ပျက်စီးရာ ပျက်စီးကြောင်းကို နည်းလမ်းမျိုးစုံဖြင့် အစဉ်တစိုက် ကြိုးပမ်းလုပ်ဆောင်နေသော CRPH၊ NUG အမည်ခံအကြမ်းဖက်အဖွဲ့အစည်းများသည် PDF အမည်ခံ အကြမ်းဖက်သမားများကို မွေးထုတ်ပေးကာ အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပျက်စီးစေရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေရန် ရည်ရွယ်၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နှင့် ပူးပေါင်းကာ ၎င်းတို့အပေါ် အားပေးထောက်ခံမှုမရှိသည့် နိုင်ငံတော်က ပေးအပ်လာသော တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသော အစိုးရဝန်ထမ်းများ၊ ဆရာတော်၊ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် အဖိုးတန်နှင့် အမြတ်တနိုး သိမ်းဆည်းထားသော ပစ္စည်းများအား အတင်းအဓမ္မလုယက်ယူဆောင်ခြင်း၊ လက်နက်အားကိုး၍ ပြည်သူလူထုထံမှ အတင်းအဓမ္မ ဆက်ကြေးကောက်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ တိုက်ပွဲဖြစ်ပွားရာ ဒေသများ၌ ဒေသခံပြည်သူများအား လူသားတံတိုင်းအဖြစ် အသုံးချခြင်းများ လုပ်ဆောင်လျက်ရှိသည့်အပြင် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ဌာနဆိုင်ရာ အစိုးရအုပ်ချုပ်မှု အဆောက်အအုံများ၊ နိုင်ငံတော်၏ ပခုံးပြောင်းတာဝန်များကို ထမ်းဆောင်ကြရမည့် ပညာတတ်လူငယ်လူရွယ်များအား မွေးထုတ်ပေးနေသည့် စာသင်ကျောင်းများ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် စက်ရုံ၊ အလုပ်ရုံများနှင့် ပြည်သူများ

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❂



တပ်မတော်စစ်ကြောင်းများက PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့များ ခေတ္တထိန်းချုပ်ခဲ့သည့် ကျေးရွာများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## အာရှအမျိုးသမီး ချန်ပီယံလိဂ်ဖလား အုပ်စု(C)ပွဲစဉ် MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၇

၂၀၂၅ – ၂၀၂၆ ခုနှစ် အာရှအမျိုးသမီးချန်ပီယံလိဂ်ဖလား အုပ်စု(C)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ လက်ခံကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၉ ရက် ည ၇ နာရီတွင် မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံ(ISPE) အသင်းနှင့် တောင်ကိုရီးယား ဆူဝန် အမျိုးသမီးကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၆ နာရီ ၄၅ မိနစ်မှစတင်၍ MRTV Farmers' Channel၊ MRTV Entertainment Channel နှင့် MRTV App၊ MRTV Radio App တို့အပါအဝင် Online မှလည်း တိုက်ရိုက် (Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။ သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်းမှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၇

လေဖိအားနည်းရပ်ဝန်းအခြေအနေ

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံ နယ်စပ်ဒေသများကို ဖြတ်ကျော်ခဲ့သော ကုန်းတွင်းမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ထိုင်းနိုင်ငံအရှေ့ပိုင်းဒေသများတွင် လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားခဲ့သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ■

## ယနေ့ ဖတ်စရာ

PDF အမည်ခံ အကြမ်းဖက်သမားများက သရက်မြို့ သရက်-ကံမလမ်း ပါးပွတ်ကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးအား မိုင်းဆွဲတိုက်ခိုက် အပြစ်မဲ့အရပ်သား ပြည်သူနှစ်ဦး မီးလောင်သေဆုံး
စာမျက်နှာ » ၁၅

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းအတွင်း ဘီးလင်းမြို့နယ် သိမ်ဆိပ်နှင့် ဒုံ့ဝန်းဘူတာအကြား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသဖြင့် ကျောက်ရထားလမ်းချော်ကျမှုဖြစ်ပွား၊ ရထားလမ်းပိုင်းအား ယာယီပိတ်ထားရ
စာမျက်နှာ » ၁၈